ပုညခင်စာအုပ်တိုက်

# အရှေ့တံခါး အဝင်

ပုညခင်



## မြန်မာပြည်က ရွှေကြာများ စွာသို့ ...

နွေရာသီ ကျောင်းပိတ်ရက်တစ်ရက်တွင် ၈ နှစ်အရွယ် ကောင်ကလေးသည် ဖခင်ဖြစ်သူ ရုပ်ရှင်ပရိုဂျူဆာ၏ ပစ္စည်းအဟောင်းများ ထားသိုရာ ဂိုဒေါင်ကို မွှေနှောက်လျက် ရှိလေသည် ။ အားရအောင် မွှေနှောက်ပြီးသောအခါ ရုပ်ရှင်ရိုက်ရာတွင် အသုံးပြုသည့် Clapboard အဟောင်းတစ်ခုကို ရှာဖွေတွေ့ရှိသွားလေသည် ။

"ကဒ် ..."

ကောင်ကလေးသည် ထိုကလပ်ဘုတ်ပြားကို ဟန်ပါပါ မြှောက်လိုက်ပြီးမှ ကဒ်ဟု အော်ရင်း အောက်သို့ နှိမ့်ချလိုက်၏။ ထို့နောက် ရက်သွားကာ ဟီးဟီးဟု သွားကလေးဖြီး၍ ရယ်လိုက်ပြီး ပျော်ရွှင်ခုန်ပေါက်လျက် ဂိုဒေါင်ထဲမှ ပြေးထွက် လာလေသည် ။

ကောင်ကလေးသည် ထိုပစ္စည်းကိုပွေ့လျက် အိမ်ထဲသို့ ဝင်လာကာ အင်္ကျီအဟောင်းကလေးတစ်ထည် ပြေးယူ၍ ဖုန်သုတ်လိုက်၏။ အထပ်ထပ်အခါခါ သုတ်၏။ ပြောင်လက်လာသည် အထိ ဖိကာပွတ်ကာ သုတ်၏။ ထို့နောက် ထိုပစ္စည်းကို စားပွဲတစ်ခုပေါ်သို့ တရိုတသေ လှမ်းတင်ထားခဲ့ပြီး မိဘနှစ်ပါး၏ အိပ်ခန်းရှိရာ အပေါ်ထပ်သို့ ပြေးတက်သွားလေသည် ။ အိပ်ခန်းတံခါးကို တွန်းဖွင့်ဝင်လာခဲ့ပြီး အခန်းတွင်းရှိ စားပွဲအံဆွဲကို ဖွင့်လိုက်သောအခါ ဖခင်ဖြစ်သူ ကိုင်နေကျ ဗီဒီယိုကင်မရာလေး

ကို တွေ့လိုက်ရသည် ။ ကောင်ကလေးက ပခုံးကလေးတစ်ချက် တွန့်၍ ရယ်လိုက်ပြီးမှ ကင်မရာကိုယူကာ အခန်းတွင်းမှ ပြေးထွက်လာသည် ။

"အက်ရှင် ... ဝမ်း တူး သရီး ဂိုး"

"အက်ရှင် ... ဝမ်း တူး သရီး ဂိုး"

ကောင်ကလေးသည် သူကြားဖူးနေကျ အသံအတိုင်း ရေရွတ်ရင်း ကင်မရာကို တစ်ဖက်၊ ကလပ်ဘုတ်ပြားကို တစ်ဖက်ကိုင်ကာ ခြံထဲသို့ ဆင်းလာသည် ။

သူက ရုပ်ရှင်ရိုက်တမ်း ကစားချင်သည် ။ ထို့ကြောင့် သရုပ်ဆောင်ပေးမည့်သူ လိုအပ်သည် ။ ဖခင်ဖြစ်သူနှင့်အတူ ရုပ်ရှင်ရိုက်ကွင်းများ သို့ လိုက်သွားတိုင်း သရုပ်ဆောင်တွေကို ညွှန်ကြားသင်ပြနေသော ဒါရိုက်တာတွေကို သဘောကျကာ အတုခိုးထားသည် ။

ကောင်ကလေးသည် ခြံထောင့်က အိမ်ကလေးဆီသို့ လျှောက်လာရင်း သူမြင်တွေ့နေကျ ကောင်မလေးကို ရှာဖွေလာပါသည် ။

ဒီခြံထဲမှာ သူနှင့်ရွယ်တူ ကောင်မလေးတစ်ယောက် ရှိသည် ။ နာမည်ကိုတော့ သူ သေချာမသိ။ ကောင်မလေး၏ အဖေ ဒရိုင်ဘာ ဦးလူမောင်ကတော့ ထိုကောင်မလေးကို မီးမီးဟု ခေါ်တာ ကြားဖူးသည် ။ ကောင်မလေးက ကျောင်းလည်း မတက် ...။ ဦးလူမောင် မောင်းသော ကားနှင့် ကောင်လေး ကျောင်းသွားတိုင်း ရပ်ငေးကြည့်ကျန်ခဲ့သော ကောင်မလေးကို မကြာခဏ လှမ်းမြင်ရသည် ။ တစ်ခါတစ်ခါတော့ ကောင်လေးတို့ အိမ်နောက်ဖေး မီးဖိုချောင်ထဲမှာ ထမင်းလာစားသော ကောင်မလေးနှင့် ဆုံရသည် ။ ကောင်မလေးတို့ သားအဖက သူတို့ အိမ်ရှေ့တံခါးမှ အဝင်အထွက် လုပ်လေ့မရှိ။ အိမ်နောက်ဘက် တံခါးမှ သာ ဝင်ထွက်လေ့ရှိသည် ။

ကောင်လေးသည် ကောင်မလေးကို ရှာဖွေရန် ခြံနောက်ပိုင်းက အိမ်ကလေးဆီသို့ လျှောက်လာနေစဉ်မှာ ပင် အိမ်ကလေးထဲမှ ထွက်လာသော ကောင်မလေးကို မြင်လိုက်ရသည် ။ ကောင်မလေးက မျက်နှာချိုသည် ။ ဆံပင်ထူထူလုံးလုံးလေးက လည်ကုပ်ပေါ်မှာ ဝဲနေသည် ။ ရှေ့ဆံပင်တွေကို နဖူးအလယ်နားလောက်က တိတိညှပ်ချထားသဖြင့် မျက်နှာလေးက ပြောင်စပ်စပ်လေးလိုဖြစ်ကာ ရယ်စရာလေး ဖြစ်နေသည် ။ ဒူးအတိရှည်သော ဂါဝန်ပွပွလေးက သူမ၏ ခန္ဓာကိုယ်ပေါ်မှာ ပုံမကျ ပန်းမကျ။ ဂါဝန်လေးက ဟောင်းနွမ်းကာ အရောင်မှိန်ဖျော့လှသည် ။

"ဟေ့ ... ကောင်မလေး ..."

ကောင်လေးက ကောင်မလေးကို လှမ်းခေါ်လိုက်ရင်း ကောင်မလေးဆီသို့ လျှောက်သွားလိုက်သည် ။ ကောင်မလေးကို မကြာခဏ မြင်တွေ့ရသော်လည်း ကောင်မလေးနှင့် စကားမပြောဖူးပါ။

ကောင်လေးက ကလပ်ဘုတ်နှင့် ဗီဒီယိုကင်မရာလေးကို ကိုင်ကာ သူမရှေ့မှာ ရပ်လိုက်ရင်း ...

"နင် ငါနဲ့ ကစားမလား ..."

ဟု မေးတော့ ကောင်မလေးက သူ့ကို စူးစူးစိုက်စိုက်လေး ကြည့်လိုက်ရင်း ...

"ဘယ်လိုကစားရမှာ လဲ"

"ရုပ်ရှင်ရိုက်တမ်း ကစားမှာ ..."

"အဲဒါ ဘယ်လိုမျိုးလဲ၊ ငါတစ်ခါမှ မကစားဖူးဘူး"

"ငါက ဒါရိုက်တာလုပ်ပြီး ဒီကင်မရာနဲ့ နင့်ကို ရိုက်မယ်၊ နင်က ရုပ်ရှ

င်မင်းသမီးလို သရုပ်ဆောင်ပြ ..."

"ဘယ်လို သရုပ်ဆောင်ရမှာ လဲ ..."

ကောင်မလေး မေးတော့ ကောင်လေးက အဖြေရခက်သွားသည် ။ ဘယ်လို သရုပ်ဆောင်ခိုင်းရမယ် ဆိုတာကိုတော့ သူက ကြိုပြီး စဉ်းစား မလာမိပေ။ သို့သော် ... ဒါရိုက်တာဆိုတာကတော့ မင်းသမီးကို ဘယ် လို သရုပ်ဆောင်ရမယ်ဆိုတာ သင်ပြပေးရမယ် မဟုတ်လား။ သူ တွေ့ ဖူးသည့် ဒါရိုက်တာတွေလည်း ဒီလိုပဲ လုပ်ကြသည် ။ ကောင်လေးက မ စဉ်းစားတတ်တော့ဘဲ ခေါင်းတစ်ချက်ကုတ်လိုက်ပြီးမှ ...

"နင် သရုပ်ဆောင်ချင်တာ သရုပ်ဆောင်ပြဟာ ..."

ဟု ပြောပြီး ကလပ်ဘုတ်ကို ကောင်မလေး မျက်နှာရှေ့သို့ ဖျတ်ခနဲ နှိမ့်ချလိုက်ပြီး 'အက်ရှင်'ဟု အော်လိုက်သည် ။ ထို့နောက် ကလပ်ဘုတ် ကို ဘေးမှာ ချထားလိုက်ပြီး ဗီဒီယိုကင်မရာကို ဖွင့်ကာ ကောင်မလေး ကို ချိန်ရွယ်ထားလိုက်သည် ။ ဒီကင်မရာဖြင့် ဒက်ဒီ ဗီဒီယိုရိုက်တိုင်း ဒ က်ဒီနှိပ်သည့် ခလုတ်တွေကို သူ သေချာကြည့်ထားဖူးသဖြင့် သူ့အတွက် မခက်ခဲလှ။

သူကသာ မခက်ခဲသော်လည်း ကောင်မလေးကတော့ ခက်ခဲခဲ့သည် ။ ကင်မရာနှင့် ချိန်လိုက်ပါပြီဆိုကတည်းက ညာဘက်လက်ညှိုးလေးကို ကွေးကာ သူ့နှာခေါင်းကို သူပြန်ပွတ်နေသည် ။ သရုပ်ဆောင်ဖို့ ဝေးလို့ ခေါင်းတောင်မော့မလာ ...။ နှာခေါင်းထိပ်ဖျားကလေးကိုသာ လက်ညှိုး ကွေးဖြင့် အဆက်မပြတ် ပွတ်နေသည် ။ ကောင်လေးက ကောင်မလေး ၏ အမူအရာကို ရယ်ချင်သွားကာ ...

"ဟော့ ... သရုပ်ဆောင်ပြလေ ... ဘာလုပ်နေတာလဲ ..."

"နင်က အဲဒါကြီးနဲ့ ချိန်တာကိုး ..."

"ဟာ ... ရုပ်ရှင်ရိုက်ပါမယ်ဆိုမှ ကင်မရာနဲ့ မချိန်လို့ ဘာနဲ့ ချိန်ရမှာလဲ၊ နင်ကလည်း အူကြောင်ကြောင်နဲ့ ၊ နှာခေါင်းကို ဘာလို့ အဲဒီလောက်ပွတ်နေတာလဲ၊ နင် အဲ့လောက်ပွတ်ရင် နင့်နှာခေါင်းပုပ်ပြီး ပြတ်ကျလိမ့်မယ်"

"ဟင် ... တကယ်လား ..."

ကောင်မလေးက လန့်ဖျပ်သွားပုံဖြင့် နှာခေါင်းပွတ်နေသော လက်ကို ဖျတ်ခနဲ နောက်ဘက်သို့ ပစ်လိုက်၏။ ကောင်လေးက ရယ်လိုက်ရင်း ...

"ကဲ ... ကဲ ... လုပ်ပါဟာ၊ သရုပ်ဆောင်စမ်းပါ"

"ခုန ... နင် ... ဘာလို့ ငါ့မျက်နှာနားမှာ ဟိုအပြားကြီး ပြပြီး အက်ရှင်လို့ အော်တာလဲ ..."

"သြော် .. ဒါရိုက်တာတွေ ရုပ်ရှင်ရိုက်ခါနီးရင် အဲဒီလိုပဲ အော်ရတယ်၊ ငါက ဒါရိုက်တာလေ ...၊ အက်ရှင်လို့ ငါအော်လိုက်ရင် နင် စပြီး သရုပ်ဆောင်တော့၊ ကဒ်လို့ အော်ရင် ရပ်လိုက်ပေါ့"

"သြော် ... အင်း ... အဲဒါဆို ငါ သရုပ်မဆောင်ခင် နင် အက်ရှင်လို့ အော်လေ ..."

"ခုန အော်ပြီးပြီလေ ..."

"ခုန ငါမှ သရုပ်မဆောင်ရသေးတာ၊ အခု နင်ထပ်အော်မှ ငါ သရုပ်ဆောင်လို့ ရမှာ ပေါ့"

"သြော် ... အေးပါ ... အေးပါ"

ကောင်လေးက ကလပ်ဘုတ်ကို ပြန်ကောက်ယူကာ နောက်တစ်ခါ ‘အက်ရှင်’ဟု အော်ရပြန်သည် ။

ဒီတစ်ကြိမ်မှာ တော့ ကောင်မလေးက သူ့နှာခေါင်းသူ တစ်ချက်သာ ပွတ်လိုက်ပြီး သူ့နှုတ်ခမ်းပေါ်မှာ လက်ညှိုးလေး ကန့်လန့်ဖြတ်၍ ဖိကပ်ထားပြလိုက်ပြီး ...

"ရှူး ... သမီးလေး ... လာဦး၊ လာ ... အိမ်ပြင်သွားရအောင်"

ကောင်မလေးက တစ်ယောက်ယောက်ကို လက်ကုတ်၍ ဆွဲခေါ်လာသလို ပုံစံမျိုးလေး လုပ်ပြလိုက်ပြီးမှ တီးတိုးပြောဟန်ဖြင့် ဆက်၍ ပြောသည် မှာ ...

"အမေ့ဆီ မလာဖို့ ပြောထားသားနဲ့ ဘာလို့ လာရတာလဲ သမီးရယ်၊ သမီးလာတာကို အမေ့ယောကျ်ားက မကြိုက်ဘူး သမီးရဲ့ ၊ သမီးပြန်သွားရင် အမေ့ကို နှိပ်စက်ရော ... အဟင့် ... အီး ..."

ကောင်မလေး၏ ထူးဆန်းသော သရုပ်ဆောင်မှုကို တအံ့တဩ ငေးကြည့်နေမိသော ကောင်လေးသည် ကောင်မလေး ငိုချလိုက်ချိန်မှာတော့ အံ့ဩလန့်ဖျပ်သွားကာ ကလပ်ဘုတ်ကို အမြန်ကောက်ယူ၍ ကောင်မလေးရှေ့သို့ ဖျတ်ခနဲ ထိုးလိုက်ရင်း ...

"ဟေ့ ... ကဒ် ... ကဒ်၊ နင် ဘာလို့ ငိုတာလဲ"

ဟု မေးမိတော့ ကောင်မလေးက ချက်ချင်း အငိုရပ်ကာ စိတ်တိုသွားပုံဖြင့် ...

"ဟယ် ... နင်ကလည်း ဒီမှာ သရုပ်ဆောင်လို့ ကောင်းတုန်း ရှိသေးတာကို။ အဲဒါ ငါ့အမေ ငါ့ကိုပြောတဲ့ ပုံစံအတိုင်း သရုပ်ဆောင်ပြနေတာဟဲ့၊ နင်က ဒါရိုက်တာဆိုပြီး ဘာမှ လည်း မသိဘူး။ တုံးလိုက်တာ"

"အေးပါ ... အေးပါ ... နင်ကတော့ အကယ်ဒမီရှော့ပဲ၊ နင်က တကယ်ငိုတော့ ငါ လန့်သွားတာပေါ့ဟ၊ ကဲ ... ကဲ ... နောက်တစ်မျိုး သရုပ်ဆောင်ဟာ ..."

"နင် အော်လေ ..."

"အက်ရှင် ..."

ကောင်လေးက ကလပ်ဘုတ်ကို ကောင်မလေးမျက်နှာနားသို့ ကပ်လိုက်ရင်း အော်ရပြန်သည် ။ ကင်မရာနှင့် ချိန်ရပြန်သည် ။ ကောင်မလေးက ချက်ချင်း သရုပ်မဆောင်သေးဘဲ လက်ညှိုးကွေးဖြင့် နှာခေါင်းထိပ်ကို ပွတ်ပြန်သည် ။ နှာခေါင်းကလေးမှာ အပွတ်ခံရလွန်းသဖြင့် နီရဲ၍ လာလေသည် ။ ကောင်လေးက နှာခေါင်းမပွတ်ဖို့ တားမြစ်တော့မှ ကောင်မလေးက လက်နောက်ပစ်၍ ကင်မရာကို စိုက်ကြည့်လိုက်ရင်း ...

"အဖေ့ ... သမီးကျောင်းတက်ချင်တယ်၊ သမီးကို ကျောင်းဆက်ထားပါ"

ဟု ပြောလိုက်ပြီးမှ ချက်ချင်းပင် ကင်မရာထံမှ မျက်နှာလွှဲလိုက်ရင်း ရင်ဘတ်ကိုဖိကာ မြေပြင်ပေါ် ထိုင်ချလျက် အော့အန်နေသည့်ပုံ လိုက်ပြလိုက်ရင်း ...

"အော့ .. ဝေါ့ ... နင့်အမေက ကျောင်းထားပေးမယ်ဆို နင့်အမေဆီသွားနေပါလား၊ ဝေါ့ ... သစ္စာမရှိတဲ့ မိန်းမ၊ အော့ ... ရေတစ်ခွက် ခပ်ခဲ့စမ်း ..."

ကောင်လေးသည် ရုပ်ရှင်ရိုက်တမ်း ကစားနေသည့်အဖြစ်ကိုပင် မေ့လျော့စွာ ကောင်မလေးကို ကြောင်ကြည့်နေမိသည် ။ ထို့နောက် ဗီဒီယို

ကင်မရာကို ပိတ်လိုက်ပြီး ကလပ်ဘုတ်ကို မြှောက်ကာ 'ကဒ်' ဟု အော်ရလေသည် ။ ကောင်မလေးကို ကြည့်ရင်း ဘာကြောင့်မှန်းမသိ ကောင်လေးစိတ်မှာ ဝမ်းနည်းလာရလို့ ပင် ...။ ကောင်မလေးကတော့ ခပ်တည်တည်ပင် ကောင်လေးကိုကြည့်ကာ ...

"အဲဒါ ငါ့အဖေလို သရုပ်ဆောင်တာလေ၊ ငါ သရုပ်ဆောင်တာ အဖေနဲ့ တူမတူ နင်သိချင်ရင် ညကျ ငါတို့ အိမ်ကို လာကြည့်ပါလား"

"မကြည့်တော့ပါဘူးဟာ၊ သြော် ... နင်က မင်းသမီးဆိုတော့ နင့်ကို အိုက်စ်ခရင် ဝယ်ကျွေးမယ် ... သိလား"

"အိုက်စ်ခရင်ဆိုတာ ဘာလဲ"

"ရေခဲမုန့်လေ ..."

"သြော် ... အင်း၊ ဟီး ... ဟီး ... ငါ့အကြိုက်ပဲ"

ကောင်မလေးက ဝမ်းသာ ပျော်ရွှင်စွာပြောတော့ ကောင်လေးကလည်း ဝမ်းသာသွားသည် ။ ကောင်လေးက ဗီဒီယိုကင်မရာနှင့် ကလပ်ဘုတ်ကို အိမ်ထဲမှာ သွားပြန်ထားလိုက်ပြီး ကောင်မလေးလက်ကိုဆွဲ၍ ခြံပြင်သို့ ထွက်ခဲ့လေသည် ။ ခြံရှေ့မျက်နှာချင်းဆိုင်တွင် စူပါမတ်ကတ်သေးသေးလေးရှိရာ ကောင်လေးက ကောင်မလေးကို ဆိုင်သို့ခေါ်သွားပြီး ရေခဲမုန့်တစ်ခု ဝယ်ပေးလိုက်သည် ။ ရေခဲမုန့်မှာ ဝေဖာကန်တော့လေးနှင့် ထည့်ပေးလိုက်သည့် စတော်ဘယ်ရီ ရေခဲမုန့်ဖြစ်သည် ။

ကောင်မလေးသည် ကောင်လေး လှမ်းယူပေးသည့် ရေခဲမုန့်ခွက်လေးကို ဝမ်းသာအားရ လှမ်းယူကာ စားမည်ပြင်ပြီးမှ လမ်းမဘက်သို့ လှမ်းကြည့်ရင်း တွေဝေ ငြိမ်သက်သွားလေသည် ။

"ဟဲ့ … စားလေ၊ အရည်ပျော်ကုန်ဦးမယ်"

ကောင်လေးက ကောင်မလေးကိုပြောရင်း ကောင်မလေး ကြည့်နေသည့် လမ်းမဘက်ကို လှမ်းကြည့်လိုက်သည် ။ သူမြင်ရသည် မှာ တုန်ချည့် တုန်ချည့် လျှောက်လာနေသော အဘိုးအိုတစ်ဦး ဖြစ်လေသည် ။ ထို အချိန်၌ပင် ကောင်မလေးသည် ရေခဲမုန့်ခွက်လေးကို မြှောက်ကိုင်ကာ ထိုအဘိုးအိုဆီသို့ ပြေးသွားလေသည် ။

ဒီကောင်မလေး ဘာလုပ်မလို့ ပါလိမ့်ဟု သူတွေးဆဲမှာ ပင် ကောင်မလေးက သူ့လက်ထဲက ရေခဲမုန့်ကို အဘိုးအိုကို ကျွေး လိုက်လေသည် ။ အဘိုးအိုက ရေခဲမုန့်ကိုယူကာ တမြုံ့မြုံ့စားရင်း ခေါင်းတညိတ်ညိတ် လုပ်နေဆဲတွင် ကောင်မလေးက အဘိုးအို၏ ခြေရင်း မြေပြင်ပေါ်တွင် ထိုင်ချကာ အဘိုးအိုကို ဦးသုံးကြိမ်ချ၍ ကန်တော့လိုက်သည် ။

ကောင်လေးသည် ကောင်မလေး၏ အပြုအမူတွေကို အံ့သြလျက်ပင် ကောင်မလေးဆီသို့ လျှောက်လာခဲ့သည် ။ အဘိုးအိုက ဆုတောင်းမေတ္တာတွေ ပို့သကာ ကောင်မလေးအနီးမှ ထွက်ခွာသွားသည် ။

"ဟဲ့ … နင် ဘာဖြစ်လို့ အဲဒီလိုလုပ်တာလဲ"

"အဘိုးကို သနားလို့ ရေခဲမုန့်ကျွေးလိုက်တာလေ၊ ငါ့အဘိုးကို သတိရလို့ ဟ၊ ငါ့မှာ လည်း အဘိုးတစ်ယောက် ရှိတယ်တဲ့ "

"ကန်တော့တာကျတော့ရော …"

"အသက်ကြီးတဲ့ လူကြီးမို့လို့ ကန်တော့တာပါဟဲ့၊ အဘိုး သနားပါတယ်နော်၊ တုန်ချည့် တုန်ချည့် လျှောက်သွားနေရတာ။ သူ့သားသမီးတွေက ခေါ်မထားဘူးလား မသိဘူး"

ကောင်မလေးက လူကြီးလေးလို ညည်းညူရင်း အဘိုးအိုကို

လှမ်းကြည့်ကျန်ခဲ့လေသည် ။ ကောင်လေးကတော့ ကောင်မလေးကို ထူးဆန်းတယ်ဟူ၍ သာ တွေးမိသည် ။ ခင်မင်စိတ်လည်း ဖြစ်မိသည် ။ ဒီကောင်မလေးက ကောင်လေးတို့ ကျောင်းက သူငယ်ချင်း ကောင်မလေးတွေနှင့် မတူပေ။

ထိုနေ့မှ စကာ ကောင်ကလေးသည် ကောင်မလေးကို ခင်မင်သွားမိသည် ။ ခြံထဲတွင် အတူကစားကြသည် ။ ကောင်မလေး ကြိုက်သည့် ရေခဲမုန့်ကိုလည်း မကြာခဏ ဝယ်ကျွေးဖြစ်ခဲ့သည် ။

နွေရာသီကျောင်းပိတ်ရက်တို့ မကုန်ဆုံးမီ တစ်ခုသော ညနေခင်းတွင် ကောင်လေးသည် အတန်းတူ သူငယ်ချင်းကောင်လေး၏ မွေးနေ့ပွဲသို့ မိခင်နှင့်အတူသွားရန် ပြင်ဆင်ရလေသည် ။ မိခင် ဝတ်ဆင်ပေးသော အဝတ်အစားသစ်ဖြင့် ကောင်လေး အိမ်ထဲမှ ထွက်လာချိန်တွင် အိမ်ရှေ့ပန်းအိုးတွေအနီးမှာ ရပ်၍ ကောင်မလေးကို ပြုံးပြလိုက်တော့ ကောင်မလေးက သူ့ဆီပြေးလာကာ ...

"နင် ဘယ်သွားမလို့ လဲ ..."

"မွေးနေ့ပွဲ သွားမလို့ ၊ ငါ့သူငယ်ချင်း မွေးနေ့လေ ..."

"မွေးနေ့ဆိုတာ ဘယ်လိုမျိုးလဲ"

"ကိတ်မုန့်အဝိုင်းကြီးကို မွေးနေ့ရှင်က ဓားနဲ့ ခွဲပြီး သူငယ်ချင်းတွေကို နည်းနည်းစီ ဝေကျွေးတာပေါ့၊ ပြီးတော့ တခြားမုန့်တွေလည်း အများကြီး စားရတယ်။ ဟက်ပီးဘက်ဒေးတူးယူ ဆိုပြီး သီချင်းတွေလည်း အတူတူဆိုရတယ်၊ သူ့ကိုတော့ ငါတို့ က မွေးနေ့လက်ဆောင်တွေ ပေးရတာပေါ့ ..."

"ဘယ်မှာ လုပ်တာလဲ ..."

"ဟိုတယ်မှာ ..."

"ဟိုတယ်ဆိုတာ ဘယ်လိုမျိုးလဲ"

အထပ်မြင့်ကြီး တိုက်အကြီးကြီးလေဟာ၊ နင် မမြင်ဖူးဘူးလား ..."

"ဟင့်အင်း ..."

"အဲဒါဆို နင် လိုက်ကြည့်မလား ..."

"အေး ... ကြည့်ချင်တယ်"

"သားရေ ... သွားရအောင်"

"ဟော ... မေမေ ခေါ်နေပြီ၊ မေမေ ... မီးမီးက ဟိုတယ် မမြင်ဖူးလို့တဲ့ ၊ သူ့ကိုခေါ်သွားရအောင် မေမေ ..."

ကောင်လေးက လှမ်းခေါ်နေသည့် မိခင်ကို လှမ်းပြောပူဆာလိုက်၏။ မိခင်က ဂါဝန်အနားစုတ်ကလေး ဝတ်ထားသည့် ကောင်မလေးကို တစ်ချက် လှမ်းကြည့်လိုက်ရင်း ...

"ခေါ်ချင်ခေါ်ခဲ့လေ၊ ဒါပေမဲ့ ဒီပုံစံနဲ့ တော့ ဟိုတယ်ထဲ ခေါ်သွားလို့ မရဘူး သားရဲ့ ၊ ကားပေါ်မှာ စောင့်နေခိုင်းမှ ဖြစ်မယ် ..."

မိခင်က ခွင့်ပြုတော့ ကောင်လေးက ပျော်ရွှင်သွားသည် ။ အထဲထိ ခေါ်လို့ မရရင်တောင် အပြင်ကနေ ဟိုတယ်ကို မြင်ဖူးသွားရင် ကောင်မလေး ပျော်မည်ထင်သည် ။ အဲဒီနောက်တော့ ကောင်မလေး၏ ဖခင် ဦးလူမောင်က ကားမောင်းကာ၊ ကောင်မလေးက ဖခင်၏ ဘေးမှာ ထိုင်ကာ၊ ကောင်လေးတို့ သားအမိက ကားနောက်ခန်းမှာ ထိုင်လျက် ဟိုတယ်သို့ လာခဲ့ကြသည် ။

ကောင်မလေးမျက်နှာက ပြုံးရွှင်နေခဲ့သဖြင့် ကောင်လေးလည်း

ကောင်မလေးကိုကြည့်ရင်း ပျော်လာသည် ။ ဟိုတယ်ဝင်းအတွင်းသို့ ကားဝင်လာချိန်မှာ တော့ ကောင်မလေးက ဟိုတယ်ကြီးကို မော့ငေး လာသည် ။

ဦးလူမောင်က ကားကို ဟိုတယ်ဆင်ဝင်အောက်မှာ ရပ်ပေးလိုက်သည် ။ ကောင်လေးတို့ သားအမိ ကားပေါ်မှ ဆင်းပြီး ဟိုတယ်ထဲသို့ ဝင်သွားတာကို ကောင်မလေးက အားကျစွာ ငေးကြည့်ကျန်ခဲ့သည် ။

ကောင်မလေးသည် ကောင်လေးတို့ ပြန်ထွက်မလာမချင်း ကားပေါ်မှာ ထိုင်ကာ ဟိုတယ်ထဲသို့ ဝင်ထွက်သွားလာနေသူများကို စိတ်ဝင်တစား ငေးကြည့်နေခဲ့ပါသည် ။ ကားထဲက ကြည့်ရတာ အားမရသလို ဖြစ်လာတော့ ကားပေါ်မှ ဆင်းကာ ဟိုတယ်အမြင့်ကြီးကို လည်ပင်းတညောင်း မော့ကာ အကြာကြီး ကြည့်နေသည် ။ ကောင်လေးတို့ သားအမိ ဟိုတယ်ထဲက ပြန်ထွက်လာတော့ ကောင်လေးက ကောင်မလေးကို လာခေါ်သည် ။

"မီးမီး ... လာလေ ... ပြန်ကြရအောင်"

"ငါ အဲဒီဟိုတယ်ကြီးထဲကို ရောက်ဖူးချင်လိုက်တာ သားကြီးရယ်၊ ဟိုတယ်ထဲမှာ ဘယ်လိုလူမျိုးတွေ ရှိတာလဲဟင်"

"ငါတို့လို ပွဲတက်တဲ့ ဧည့်သည် တွေရော ဟိုတယ်မှာ လာတည်းနေတဲ့ လူတွေရော၊ အဲ ... ပြီးတော့ ဟိုတယ်မှာ အလုပ်လုပ်နေတဲ့ သူတွေလည်း ရှိတာပေါ့ ..."

ကောင်လေးက ရှင်းပြတော့ ကောင်မလေးက ငြိမ်သွားသည် ။ ထို့နောက် ကောင်မလေးသည် ဟိုတယ်ကြီးကို မော့ငေးလျက်ကပင် တက်ကြွသော အသံကလေးဖြင့် ...

"ငါ ကြီးလာရင် အဲဒီ ဟိုတယ်ကြီးမှာ အ လုပ်သွားလုပ်မယ် သိလား ... သားကြီး"

ဟု ပြော လိုက်လေသည် ။

မီးမီးဟု ခေါ်သော ထိုကောင်မလေးကို သားကြီးဟု မိသားစု၏ ချစ်ဇနီး အခေါ်ခံရသော ကောင်ကလေးက ခင်မင်ခဲ့ရပါသည် ။

နွေရာသီ ကျောင်းပိတ်ရက်တို့ ကုန်ဆုံးခါနီး တစ်ရက်မှာ တော့ ကောင်လေးသည် မိဘနှစ်ပါးနှင့်အတူ မြန်မာပြည်အနှံ့ ခရီးထွက်ခဲ့လေသည် ။ ပုဂံ- ညောင်ဦး၊ မန္တလေး - ပြင်ဦးလွင်၊ ကလော - တောင်ကြီး - အင်းလေး ဒေသများ သို့ မိသားစု အတူသွားရသော ထိုခရီးမှာ ကောင်လေးက ပျော်ရွှင်ခဲ့ရသည် ။ ရောက်လေရာမှာ ကောင်မလေးအတွက်ပါ လက်ဆောင်ပစ္စည်းကလေးများ ဝယ်ပေးရန် မိခင်ကို ပူဆာရသည် ။ ထိုခရီးမှာ ဒရိုင်ဘာ ဦးလူမောင် ပါမလာခဲ့။ ဘွားဘွားနှင့်ကြီးကြီးတို့ ကားများကို မောင်းပေးရန် ဦးလူမောင်ကို ထားရစ်ခဲ့ပြီး ဖခင်ကိုယ်တိုင် ကားမောင်း၍ သွားခဲ့သော ခရီးဖြစ်သည် ။

ကောင်မလေးအတွက် ပုဂံလက်ဆောင် ရုပ်သေးရုပ်ကလေး၊ အင်းလေးလက်ဆောင် လွယ်အိတ်ကလေးနှင့် စားစရာ လက်ဆောင်တပွေ့တပိုက်ဖြင့် ပြန်ရောက်လာသော ကောင်လေးသည် အိမ်ပြန်ရောက်ရောက်ချင်းပင် နောက်ဘက်အိမ်ကလေးသို့ အပြေးသွားခဲ့သော်လည်း သော့ခတ်ထားသည့် အိမ်ကလေးကိုသာ တွေ့လိုက်ရလေသည် ။

ကောင်လေး အိမ်ဘက်သို့ ပြန်ရောက်တော့ ဘွားဘွားထံမှ သတင်းစကားကို ကြားရသည် ။

"မောင်လူမောင် တစ်ယောက်ဟာ မလိမ္မာပါဘူးကွယ်၊ အမေ့ကို ဘုန်းကြီးကျောင်း လိုက်ပို့တာ ကားပေါ်မှာ အရက်နံ့ တသင်းသင်းနဲ့ ၊ အဲဒီ

လောက်အထိ အမေ သည်းခံပါသေးတယ်၊ ဒါပေမဲ့ မူးမူးနဲ့ ကားမောင်းရင်း သူများကားနောက်မြီးကို ဝင်တိုက်တာ ပြဿနာက ကြီးသွားရော၊ အမေလည်း သည်းမခံနိုင်တော့လို့ အလုပ်ထုတ်ပစ်လိုက်တယ်"

ထိုသတင်းက ကောင်လေးကို ဝမ်းနည်းစေသည် ။ ထိုညက ကောင်မလေးဖို့ ဝယ်လာသည့် လက်ဆောင်တွေကို အနားမှာ ထားကာ ကောင်လေးက ကြိတ်ငိုရသည် ။ အဲဒီနောက်ပိုင်းမှာ တော့ ကောင်မလေးကို သတိရတိုင်း ကောင်မလေးနေခဲ့သည့် အိမ်လေးကို သွားသွားကြည့်ရသည် ။

နောက်တော့ အိမ်သို့ ဒရိုင်ဘာအသစ် ရောက်လာသည် ။ ကောင်မလေးတို့ သားအဖ နေသွားသည့်အိမ်မှာ ဒရိုင်ဘာအသစ်နှင့် သူ့မိန်းမတို့ နေကြသည် ။ မကြာမီ ကျောင်းဖွင့်သဖြင့် ကောင်လေးက လေးတန်းတက်ရသည် ။ ကျောင်းမှာ သူငယ်ချင်းတွေနှင့် ပြန်တွေ့ကာ စာသင်ကြားရင်း ဆော့ကစားရင်း ကောင်မလေးကို တဖြည်းဖြည်း မေ့သွားသည် ။

သို့သော် … သိမ်းထားသည့် လက်ဆောင်ပစ္စည်းလေးတွေကို မြင်တိုင်း … ဟိုတယ် တစ်ခုခုသို့ ရောက်တိုင်း … ရေခဲမုန့်ဝယ်စားနေသည့် ကလေးတွေကို မြင်တိုင်း … တုန်ချည့်ချည့် အဘိုးအိုတွေကို မြင်တိုင်း ကောင်မလေးကို သူ သတိရမိပါသည် ။

ဒါရိုက်တာ ဖြစ်လာတော့လည်း သူ ကလေးဘဝက စတင်ခဲ့သည့် ရိုက်ကွင်းအတွေ့အကြုံကို တွေးမိလျှင် ပြုံးမိမြဲ။

အဖြူအစိမ်း ဝတ်စုံလေးကို ဝတ်ကာ ကျောင်းသွားနေသည့် ကလေးတွေကိုမြင်လျှင်တော့ တစ်ချိန်က ကျောင်းမနေခဲ့သည့် ကောင်မလေးကို သတိရလွမ်းဆွတ်ဆဲပင် ဖြစ်လေသည် ။

***

## ၂၀၁၄ ခုနှစ်

ဟိုတယ်ရှေ့ ဝင်ပေါက်ရှိ လှေကားထစ်များကို လှမ်းတက်လိုက်လျှင် ဧည့်ကြိုဝန်ထမ်း မိန်းကလေးနှစ်ဦးက မှန်တံခါးနှစ်ချပ်ကို ပြိုင်တူဆွဲဖွင့်လျက် ဦးညွှတ်ကာ ‘မင်္ဂလာ’ပါဟု နှုတ်ခွန်းဆက်သ ကြိုဆိုလိုက်ကြလေသည် ။

ရွှေကြာသည် ထိုမိန်းကလေးနှစ်ယောက်၏ ကြိုဆိုမှုကို အသိအမှတ်ပြု အပြုံးကလေးတစ်ချက်ဖြင့် ခေါင်းတစ်ချက်ဆတ်ပြလိုက်ရင်း ကြော့ကြော့မော့မော့ ဝံ့ဝံ့ထည်ထည် ပုံစံလေးဖြင့် ဟိုတယ်တွင်းသို့ လှမ်းဝင်လာခဲ့ပါသည် ။

အေးမြဆိတ်ငြိမ်ခမ်းနားသော ဟိုတယ်၏ ရသက ရွှေကြာ့ကို ပို၍ လန်းဆန်းစေသည် ။ ပို၍ စိတ်နေမြင့်စေသည် ။ ရွှေကြာသည် ပွအိန္နီးညှံ့သော ကောဇောခင်း ကြမ်းပြင်ကို ခပ်မှန်မှန် နင်းလျှောက်ရင်း ဟိုတယ်၏ ‘လော်ဘီ’ဟု ခေါ်သော ဧည့်ခန်းမအတွင်းသို့ ရောက်ရှိလာပါသည် ။

ဂုဏ်သရေရှိ ဧည့်သည် များ သည် ဟိုတယ်လော်ဘီရှိ ဆိုဖာထိုင်ခုံ စားပွဲဝိုင်းများ တွင် ထိုင်ကာ တိုးတိတ်ညင်သာစွာ စကားပြောဆိုလျက်၊ တချို့က ကွန်ပျူတာကိုယ်စီဖြင့် တစ်ကိုယ်တည်း ဆိတ်ငြိမ်လျက်။ သာယာလှသော စန္ဒရားသံကလေးသည် ပတ်ဝန်းကျင်ကို ခြုံလွှမ်းလျက် ရှိ

လေသည်။

ရွှေကြာသည် လွတ်နေသော ဆိုဖာထိုင်ခုံ စားပွဲဝိုင်းတစ်ဝိုင်းဘက်သို့ လျှောက်သွားကာ ဆိုဖာပေါ်မှာ ခြေကလေးချိတ်၊ ခါးကလေးမတ်၍ ထိုင် လိုက်လေသည်။ လော်ဘီထဲ၌ ဝဲဝေ့၍ နေသော စန္ဒရားသံကလေးက ရွှေကြာ၏ အာရုံကို ညင်သာစွာ ရိုက်ခတ်လိုက်သောအခါ ရွှေကြာသည် မျက်လုံးကလေးကို မှေးစင်းကာ ဆိုဖာနောက်မှီကို ဖြေလျှော့မှီထားလိုက်မိပြီး ငြိမ်သက်စွာ နားသောတ ဆင်မိရလေသည်။

ထိုအချိန်မှာ ပင် အသံတစ်သံသည် စန္ဒရားသံကို ထွင်းဖောက်လျက် ရွှေကြာ၏ အာရုံတွင်းသို့ ဝင်လာခဲ့ရသည်။

"ဒီမှာ ... ဒီမှာ ရှင့် ... ဒီနေရာမှာ ထိုင်လို့ မရပါဘူးရှင့်"

ထိုအသံကြောင့် ရွှေကြာ ဆတ်ခနဲ တုန်သွား၏။ ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်မိတော့ ဟိုတယ်မန်နေဂျာမ၏ ခပ်တည်တည် မျက်နှာနှင့် လုံချိုရေးဝန်ထမ်း၏ ခပ်တင်းတင်း မျက်နှာကို တစ်ပြိုင်တည်း မြင်လိုက်ရလေသည်။

"အစ်မ ... အစ်မ ..."

"အစ်မ ... ရောက်တော့မယ်နော်၊ အိပ်နေတာလား"

"ဒီမှာ ... ဒီမှာ ရှင့် ..."

"ဒီမှာ ထိုင်လို့ မရဘူးရှင့်"

"အစ်မ ... အစ်မ ... ရောက်တော့မယ် အစ်မ ..."

ယောကျ်ားသံနှင့် မိန်းမသံသည် ရွှေကြာ၏ အာရုံထဲမှာ ရောထွေးဝေဝါးကာ တိုးလိုက် ကျယ်လိုက် ပျော့ပျောင်းလိုက် မာထန်လိုက်။ ထို့နော

က် ထိုမိန်းမသံက တဖြည်းဖြည်း ဝေးကာ ယောကျ်ားသံကသာ ထင်ရှား လာသည် ။

"အစ်မ ... အိပ်ပျော်နေတာလား ..."

"အင် ... အင်ဟင် ..."

ဖျတ်ခနဲ ပွင့်လာသော မျက်လုံးရှေ့တည့်တည့်တွင် လှုပ်ယမ်းနေသော ရွှေပန်းတွဲတစ်တွဲကို မပီဝိုးတဝါး မြင်ရသည် ။ ပြီးတော့ မိုးရိပ်မိုးငွေ့ဖြင့် မှုန်ဝါးနေသော ကားမှန်ပေါ်မှာ ဘယ်ညာယိမ်းလှုပ်နေသော ကားရေသုတ်တံ။

"အစ်မ ... နိုးပြီလား"

"အေး ..."

တက္ကစီဒရိုင်ဘာ အေးချမ်း၏ မေးခွန်းကို ခပ်ပြတ်ပြတ်သာ ဖြေလိုက်သည် ။ နင်နိုးလို့ ငါ့အိပ်မက်လှလှလေး ပျက်သွားပြီဟု တော့ အပြစ်မတင်ချင်။ အိပ်မက်က လှမှ မလှဘဲ ...။ အိပ်မက်ထဲမှာ တောင် ဟိုတယ် အရှေ့ပေါက်ကဝင်ပြီး ဟိုတယ် လော်ဘီထဲမှာ ကြာကြာထိုင်လို့ မရ။ အေးချမ်း မနိုးခင်ကတည်းက နှင်မည့်သူတွေက အိပ်မက်ထဲထိ လာနိုးသည် ။ ရွှေကြာတို့လို မိန်းကလေးတွေက နေ့အလင်းအောက်မှာ ဟိုတယ်၏ ဂုဏ်သရေကို ညှိုးနွမ်းစေသည် ။ သို့သော် ညအမှောင် ရောက်လာလျှင်တော့ ဟိုတယ်၏ လိုအပ်ချက်တစ်ခုကို ပြည့်စုံစေရသည် ။

ရွှေကြာသည် ရေငွေ့ဖြင့် မှုန်ဝါးနေသော ကားမှန်ပြတင်းကို လက်ဖဝါးကလေးဖြင့် ပွတ်သုတ်လိုက်ပြီး အပြင်ဘက် ညအမှောင်ထဲကို လှမ်းကြည့်လိုက်သည် ။ အပြင်မှာ တော့ မိုးသည် သည်းသည်းထန်ထန် မဟုတ်သည့်တိုင် စိပ်စိပ်ဖြိုင်ဖြိုင် ရွာကျနေသည် ။ ရွှေကြာတို့ ကားသ

ည် ကမ္ဘာအေးဘုရားလမ်း အင်းလျားကန်ပေါင်ဘေးမှ ဖြတ်လာသည် ။ မိုးဖြိုင်ဖြိုင်ကြား ခပ်မှောင်မှောင် ပလက်ဖောင်းထက်မှာ တော့ မိန်းက လေးနှစ်ယောက်တစ်စု၊ သုံးယောက်တစ်စု ထီးကလေးတွေ ကိုယ်စီဖြင့် တွေ့ရသည် ။ တချို့ကတော့ တစ်ကိုယ်တော် ...။ တချို့ တက္ကစီတွေက သူတို့ ဘေးမှ အရှိန်နှေးနှေးဖြင့် ဖြတ်နေသည် ။ မိုးထဲ ရေထဲ ဈေးတည့် ပါ့မလားဟု တွေးကာ စိတ်မကောင်း ဖြစ်ရသည် ။ အို ... သေချာတာက တော့ သူတို့ ဒီမိုးထဲမှာ ကြာကြာမရပ်နိုင်တာပဲ။ ဒီမိုးက လွတ်ရင် ပြီး ရော မိုးလုံလေလုံ ကားထဲကို ခပ်မြန်မြန် ဝင်ထိုင်ကြလိမ့်မယ်။ ရသ လောက်ဈေးနှင့်ပေါ့ ...။

ခွေးကြာသည် ထိုမြင်ကွင်းမှ မျက်နှာလွှဲကာ သက်ပြင်းချရသည် ။ သူ တို့ ထက်စာလျှင် ခွေးကြာဘဝကမှ တော်သေးသည် မဟုတ်လား။ လူဖြ စ်တာချင်း အတူတူတာင် ကံချင်းကမတူ။ တချို့က လမ်းဘေးမှာ ၊ တချို့ က တိုက်ပေါ်မှာ ။ ခွေးဖြစ်လျှင်လည်း ခွေးချင်းမတူ။ တချို့ ခွေးတွေက လမ်းဘေးအမှိုက်ပုံကို တိုးဖွပြီး အပုပ်အညှီအစာကိုတောင် ခက်ခက်ခဲ ခဲ ရှာစားရသည် ။ ဒီကြားထဲ ခွေးလေခွေးလွင့် နှိမ်နင်းရေးနှင့်ကြုံလျှင် အမဲလုံးကို ငတ်ငတ်ပြတ်ပြတ်နှင့် ဟပ်ဟပ်ထိုးစားမိပြီး အဆိပ်မိကာ သေရဦးမည်။ တချို့ခွေးများကျတော့ တော်ရုံလူ မစီးနိုင်သည့် ကား အ ကောင်းစားကြီးပေါ်တွင် ကားပြတင်းမှာ ခေါင်းကလေးပြူလျက် သူ့ ကားဘေး ဘတ်စ်ကားပေါ်မှာ ငါးပိသိပ် ငါးချဉ်သိပ် လိုက်ပါလာရရှာသ ည့် လူတွေကို ဘာအဓိပ္ပာယ်နှင့်မှန်းမသိ လှမ်းကြည့်သည် ။ သို့သော်လ ည်း ခွေးကတော့ခွေးပါပဲ။ သူ့ဘာသာ သူ့သခင် ချမ်းသာလို့ ခွေးကွပ်ထား တဲ့ အမဲရိုးကိုပဲ ကိုက်ရ ကိုက်ရ၊ လူဆင်းရဲတို့ ချမ်းလို့ ဝတ်စရာမရှိချိန်မှာ သူက ခွေးဖက်ရှင်အလှကလေးကို ဆင်ယင်ပြီး သခ င့်အိပ်ရာပေါ် တက်အိပ်ခွင့်ရသည့်တိုင် ခွေးကတော့ ခွေးပဲမဟုတ်လား

...။

အင်း ... ပြီးတော့ရော ...။ ပြီးတော့ ... ဖာဖြစ်ရင်လည်း ဖာချင်းမတူဘူး မဟုတ်လား ...။

ရွှေကြာ ဒီနေရာက နေ့စဉ် ဖြတ်သွားတိုင်း လှမ်းမြင်ရသည့် မိန်းကလေးတွေ၏ ဘဝက ရွှေကြာ့လို မဟုတ် ...။ ဈေးညှိနေတုန်း ရဲလာလို့ ပြေးကြရသည့်အဖြစ်မျိုးကို ရွှေကြာ ကားပေါ်ကနေ လှမ်းမြင်ခဲ့ဖူးသည်။ သူတို့ ကို သနားသော်လည်း စိတ်မကောင်းရုံကလွဲပြီး ဘာမှ မတတ်နိုင်။

ရွှေကြာကတော့ ခမ်းနားထည်ဝါသည့် နိုင်ငံတကာ အဆင့်မီ ဟိုတယ်ကြီးမှာ အလုပ်လုပ်ရသည် ။ ရွှေကြာ အလုပ်လုပ်သည့်နေရာကို တက္ကစီနှင့် အသွားအပြန် လုပ်ရသည် ။ မီးရောင်ဖျော့ဖျော့အောက်မှာ ဂီတသံစဉ်တွေနဲ့ အတူ ရီဝေရင်း ကိုယ်နှင့် တစ်ခဏတာ အဖော်ပြုချင်သူကို ရှာရသည် ။ ရွှေကြာ့ဘဝက သူတို့ လောက်မဆိုး။ သို့သော် ... ဖာကတော့ ဖာပဲလေ ...။

"အဟက် ..."

ရွှေကြာက အတွေးနဲ့ အတူ နာကျင်စွာပြုံးသည် ။ နာကျင်စွာ ပြုံးသော်လည်း ရွှေကြာ့အပြုံးကို မြင်သည့် လူတွေကတော့ နာကျင်ပြုံးဟု ယူဆမည်မဟုတ်။ မခိုးမခန့် မထိတရီ သရော်လှောင်ပြောင်ပြုံးဟု ထင်လေမလား။ ဒါမှ မဟုတ် ရွှေကြာ့ဘဝ ရပ်တည်မှုနှင့် ရွှေကြာ့အပြုံးကို ရောသမမွှေကာ ‘မြူဆွယ်ပြုံးပဲ’ဟု လိုရာဆွဲပြီး ထင်ချင်ထင်လိမ့်ဦးမည် ။ ဖာတို့ ၏ ဘဝနှယ် ကိုယ့်အပြုံးကိုတောင် အဓိပ္ပာယ်မှန်မှန် သိမြင်နိုင်မည့်သူ ရှားလေခြင်းကွယ်။

"အစ်မ ... ချမ်းနေလား၊ အနွေးထည် မပါဘူးလား"

အေးချမ်းက ကားမောင်းရင်း ဂရုတစိုက် လှမ်းမေးသည် ။ ရွှေကြာက အေးချမ်းကို စချင်လာကာ ...

"ချမ်းတော့ ချမ်းတာပေါ့ဟ့ဲ၊ ဒါပေမဲ့ ငါ့အလုပ်က အနွေးထည် ထူထူလုံလုံခြုံခြုံ ဝတ်ထားရင် အလုပ်မဖြစ်ဘူး အေးချမ်းရဲ့ "

"အစ်မကလည်း ဗျာ ... တော် ... တော် ..."

အေးချမ်းက ရှက်ကိုးရှက်ကန်း အသံဖြင့် စကား မဆက်တော့။

အေးချမ်းနှင့် ရွှေကြာက တစ်ရပ်ကွက်တည်းသားများ ဖြစ်ကြသည် ။

သူ့နာမည်ကသာ 'အေးချမ်း'ဖြစ်ရပေမဲ့ သူ့ဘဝကတော့ အေးချမ်းလှသည် မဟုတ်။ အဖေ့ဆေးဖိုး၊ အမေ့ချဲဖိုး၊ ညီနှင့်ညီမ၏ ကျောင်းစရိတ်တို့ အတွက် လိုအပ်ချက်တွေ များ လှသည် ။

အေးချမ်းနှင့်ရွှေကြာက သက်တူရွယ်တူဖြစ်သော်လည်း ရွှေကြာ့ကို သူက အစ်မဟု သာ ခေါ်သည် ။ အေးချမ်းက အလွန်ရိုးအသူ တစ်ယောက် ဖြစ်ပါသည် ။ လွန်ခဲ့သော နှစ်နှစ်လောက်ကမှ ရွှေကြာတို့ ရပ်ကွက်ထဲကို အေးချမ်းတို့ မိသားစု ရောက်လာသည် ။ သူ့အဖေက နာမကျန်းဖြစ်ရသည့်အထဲ သူ့အမေက ချဲထိုးလေရာ မွဲဆေး ဖော်သည့်ပမာ တစ်နေ့တခြား စုတ်ပြတ်လာသော သူတို့ မိသားစုကို ဘယ်သူကမှ အဖက်မလုပ်ချင် ...။ ထိုအခါ သူ့လိုပဲ အဖက်လုပ်မခံရသည့် ဘဝတူ ရွှေကြာက သူ့ကို အဖက်လုပ်မိသည် ။ ကားမောင်းသင်ဖို့ ပိုက်ဆံချေးရသည် ။ သူ ကားမောင်းတတ် လာပြီး တက္ကစီမောင်းတော့ ရွှေကြာ့အတွက်လည်း အဆင်ပြေသည် ။

အစပထမတုန်းကတော့ ရွှေကြာ ဘာအလုပ်လုပ်သည် ဆိုတာကို

အေးချမ်းက မသိ ...။ မသိတော့ မသိသလို ခပ်ရိုးရိုးပဲ မေးသည် ။

"အစ်မ ... ညကြီး အဲဒီ ဟိုတယ်မှာ ဘာသွားသွားလုပ်တာလဲ ..."

ပထမတော့ ရွှေကြာလည်း ဘယ်လိုဖြေရမှန်းမသိ ...။ သို့သော် နောက်လည်း မသိဘဲ မနေမည့်အတူတူ မထူးပါဘူးလေဟု သဘောထားကာ ခပ်ဘွင်းဘွင်း ဖြေမိသည် ။

"ငါက လူတွေနဲ့ အိပ်ဖို့ သွားရတာ ..."

"ဩော် ..."

အေးချမ်းက နားလည်ပုံမရဘဲ နဝေတိမ်တောင်ဖြင့် ...

"ဟို ... လူနာစောင့်သလိုမျိုးလား ..."

"လူနာစောင့်ရအောင် ဆေးရုံမှ မဟုတ်တာ၊ ဟိုတယ်လေ"

"ဩော် ... ဟိုတယ်မှာ လူမမာတွေ ဘာတွေ လာတည်းရင် စောင့်ရတာလားလို့ ပါ"

အေးချမ်းက ရွှေကြာ့အလုပ်ကို တော်တော်နှင့် သဘောမပေါက်နိုင်ပါ။ နောက်ဆုံးတော့ ရွှေကြာက သူနားလည်အောင် ရှင်းရှင်းပဲ ဖြေလိုက်သည် ။

" မဟုတ်ဘူး ၊ ငါက ဖာ ..."

"ခင်ဗျာ ..."

"ငါက ဖာလေ ..."

အဲဒီတုန်းက အေးချမ်းခမျာ အံ့သြတကြီး ဆွံ့အငြိမ်သက်သွားခဲ့ရပါသည် ။ နောက်တော့ ငိုမလိုမျက်နှာထားဖြင့် ရွှေကြာ့ကို ကြည့်သည် ။ ဒီအလုပ်မလုပ်ဖို့ ဖျောင်းဖျသည် ။ သို့သော် ... ရွှေကြာ့ဘဝကို သိတော့ နှု

တ်ပိတ်သွားသည် ။ ရွှေကြာ့နှုတ်က ဖာဟူသော စကားလုံးမျိုး ထွက်လာလျှင်တော့ ...

"ရင့်ရင့်သီးသီး မပြောစမ်းပါနဲ့ အစ်မရာ ..."

ဟု တားမြစ်တတ်သည် ။ ထိုအခါ ရွှေကြာက ရယ်မောမိရင်း ...

"ဖာဆိုတာ မကောင်းတဲ့ မိန်းမဆိုတာနဲ့ စာရင်တော့ တော်သေးတာပေ့ါ အေးချမ်းရဲ့ ၊ ငါက င့ါကို ဖာလို့ ပြောရင် စိတ်မဆိုးဘူး၊ မကောင်းတဲ့ မိန်းမ ပြောရင်သာ စိတ်ဆိုးတာ၊ ဒီအလုပ်လုပ်တာကလွဲလို့ လူ့ဘဝမှာ ငါကောင်းကောင်း နေထိုင်တာ နေတာပဲလေ၊ လူတွေအပေါ် ငါ မယုတ်မာဘူး၊ ဒုက္ခရောက်အောင် မလုပ်ဘူး၊ မခိုးဘူး၊ သူများ မိသားစုကို မဖြိုခွဲဘူး၊ င့ါအသက်မွေးဝမ်းကျောင်းကဖာ၊ ဒါပေမဲ့ ငါက မကောင်းတဲ့ မိန်းမ မဟုတ်ဘူး လေ၊ အဲဒီလိုတစ်လုံးတည်းနဲ့ ထိထိမိမိရှိတဲ့ ဖာဆိုတဲ့ စကားလုံးလေး တီထွင်ပေးခဲ့သူကိုတောင် ငါက ကျေးဇူးတင်နေတာ ...၊ နင်တို့ အညာမှာ ထန်းခေါက်ဖာတွေ ရှိတယ်မဟုတ်လား၊ အဲဒီဖာနဲ့ စာလုံးချင်း တူတယ်လေ၊ ‘ဖာ’ ဘာဖြစ်လဲ၊ တစ်လုံးတည်း ... လေကုန်သက်သာတယ်"

ရွှေကြာက အေးချမ်းကို ပြောခဲ့သည့် စကားတွေကို ပြန်သတိရလာမိသည် ။ ခုတော့ ... ထိုစကားလုံးကို မသုံးဖြစ်ခဲ့တာ ကြာခဲ့ပြီ။ ဟိုတယ်မှာ တော့ ကိုယ်တို့ က လေဒီတွေလေ ...။

လေဒီဆိုတာ အလင်းလောကမှာ တော့ ဂုဏ်သရေရှိ အမျိုးသမီးတွေကိုခေါ်သည့် အခေါ်အဝေါ် မဟုတ်လား။ ရွှေကြာတို့ အမှောင်လောကမှာ တော့ ရွှေကြာတို့ ကို လေဒီဟု ခေါ်သည် ။ လေဒီ မတိုင်ခင်ကတော့ ပူစီဖြစ်ခဲ့သေးသည် ။ နောက်တော့ ထိုအခေါ်အဝေါ်ကို ရိုင်းသည် ဟု ယူဆသွားလို့ လား၊ ရွှေကြာတို့ ကို အားနာငဲ့ညှာသော အားဖြင့်လားတော့

မသိ ... လေဒီဟု ပြောင်းခေါ်ကြသည် ။ အခေါ်အဝေါ်သာ ပြောင်းပေမယ့် ရွှေကြာတို့ အပေါ်ထားသည့် သဘောထားတွေကတော့ ပြောင်းဖို့ အစီအစဉ်ရှိပုံမရ။

ရွှေကြာသည် ကားအပြင်ဘက် အမှောင်ထဲကို လှမ်းမျှော်ကြည့်ရင်း အခေါ်အဝေါ်တွေ အကြောင်းကို စဉ်းစားလာမိသည် ။ ရွှေကြာတို့လို မိန်းကလေးတစ်ယောက်က အန်ဂျီအိုဆိုလား ဘာလား ... နိုင်ငံခြား အသင်းအဖွဲ့တစ်ခုမှာ အလုပ်လုပ်ရင်း စကားလုံး အသစ်အဆန်းတွေ ဆောင်ယူလာသည် ။ စက်ဝါကာ ဆိုလား ...၊ ပလော်စတီကျူဆိုလား။ အင်္ဂလိပ်လိုဆိုတော့ သိပ်နားမလည်။ ပြည့်တန်ဆာဆိုသော စကားလုံးကတော့ နားယဉ်သည် ဟု ထင်ရသည် ။ နောက်ထပ်ကြားရသည့် စကားလုံးလေးကလည်း ယဉ်သည် ။ လိင်အလုပ်သမတဲ့ ... မဆိုးပါဘူး။ ဖိနပ်မစီးတဲ့ ကြက်ဆိုသည့် အခေါ်အဝေါ်လိုတော့ ဟာသမမြောက်။

ရွှေကြာ့အတွက်တော့ နာမည်တွေက အရေးမကြီးပါဘူး။ ရွှေကြာ့မိဘတွေအတွက်လည်း အရေးမကြီးပါ။ ထို့ကြောင့် ရွှေကြာ့နာမည်သည် ရွှေကြာ့နှုတ်ကထွက်သည့် မီးကလေ ... ဆိုသော စကားကို အမှီပြုကာ လွှယ်လင့်တကူ မမီးမီး ဖြစ်လာသည် ။ နောက် အဘိုးနှင့်ပြန်တွေ့မှ ရွှေကြာ့အစ်မဝမ်းကွဲက နင့်ကို ဘာခိုင်းခိုင်း သိပ်ကြာတာပဲ မရွှေကြာရယ်ဟု ပြောရာမှ အစပြု၍ ရွှေကြာဟူသော နာမည်တစ်ခုကို ရလိုက်သည် ။ လှတော့ လှသားပဲ။

အလုပ်ခွင်မှာ တော့ ရွှေကြာသည် သီတာ ဖြစ်ချင်ဖြစ်မည်။ ကြည်ပြာ ဖြစ်ချင်ဖြစ်မည်။ နှင်းဆီလား ... ကေသီလား .. ဟန်နီလား ... လူစီလား ... နာမည်တွေ များ လွန်းသဖြင့် ကိုယ့်ဘာသာတောင် မမှတ်မိ။

ရွှေကြာသည် မိုးထဲက အမှောင်ထုဟု ပြောရမလား၊ အမှောင်ထဲက မိုးဟု ပြောရမလား မသိသည့် မှ ိုင်းရီနေသည့် အပြင်လောကကို ငေးကြည့်လာရင်း ဖျတ်ခနဲ မြင်လိုက်ရသည့် မီးရောင်ထိန်ညီးသည့် ကြော်ငြာဆိုင်းဘုတ်ကြီးတွေပေါ်က စာလုံးတွေကို ကြိုးစား ဖတ်ကြည့်လာသည် ။ နှစ်တန်းမအောင်သော်လည်း ရွှေကြာ စာဖတ်နိုင်သည် မှာ ခုလို မျက်စိရှေ့ တွေ့ရာ စာလုံးတွေကို စိတ်ဝင်တစား ကြိုးစားဖတ်ကြည့်ခဲ့လို့ မဟုတ်လား ...။

ရွှေကြာတို့ ကားက မြကျွန်းသာကန်ပေါင်ကို ကျော်လာခဲ့ပြီ။ ဆီဒိုးနားဟိုတယ်ရှေ့က ဖြတ်ခဲ့ပြီ။ မကြာခင် ရွှေကြာ အလုပ်လုပ်မည့် ဟိုတယ်ကို ရောက်တော့မည်။

ရွှေကြာအကြည့်တွေ ကားထဲကို ပြန်ရောက်လာသည် ။ ကားတွင်းသို့ ဖျတ်ခနဲ ဖျတ်ခနဲ ဝင်လာနေသည့် မီးရောင်အောက်မှာ ကားတံခါးပေါ်က စာတန်းလေးတစ်ခုကို တွေ့သည် ။ အရင်က အေးချမ်း ကားပေါ်မ ၂၁ ဒီစာလေးကပ်ထားတာ မမြင်မိ ...။ အသစ်ကပ်ထားသည့် စာလေးဖြစ်၍ ရွှေကြာက တစ်လုံးချင်း သေသေချာချာလေး ကြိုးစား ဖတ်လိုက်သည် ။

"နောက်ကားကြည့်ပြီးမှ တံခါးဖွင့်ပါ"

ရွှေကြာသည် သွက်သွက် ဖတ်နိုင်လိုက်သည့်အတွက် ကျေနပ်သွားကာ လှစ်ခနဲ ပြုံးလိုက်ရင်း အပြင်ဘက်သို့ ပြန်ငေးခိုက်မှာ သာလွန်းသော လရောင်ကို သတိထားမိသွားသည် ။ လမ်းမီးတွေ ထိန်ဖြာနေသည့် နေရာကို ကျော်လွန်ပြီး မှောင်ရိပ်ခပ်ကျကျ နေရာကို ဖြတ်ရတော့မှပဲ လ၏ အလင်းရောင်က ပီပြင်လာသည် ။ မိုးစဲသဖြင့် လထွက်ခဲ့ပြီ ...။

ရွှေကြာသည် ကားမှန်ပြတင်းကို လက်ဖဝါးလေးနှစ်ဖက်ကပ်၊ မျက်

နာလည်း ကပ်ကာ လကို မော့ကြည့်မိသည် ။ ဘဝမှာ ချစ်ရသူတွေ့လျှင် တော့ ကိုယ့်နာမည်ကို 'လဝန်း'ဟု ပြောချင်သည် ။

တချို့ကတော့ ရွှေကြာတို့လို မိန်းကလေးတွေကို ညမွှေးပန်းဟု အမည်တပ်ကြသည် ။ တချို့ကတော့ ညဥ့်ငှက်ဟု ခေါ်သည် ။ တစ်ခါတစ်ရံ ဇယားဟု အခေါ်ခံရကာ တစ်ခါတစ်ရံတော့ 'ပစ္စည်းရှိလား'ဟု အမေးခံရတတ်သည် ။ ဘာမဆို ထည့်လို့ ရသည့် ပစ္စည်းထဲမှာ မှ ဈေးအပေါဆုံးဖြစ်သည့် ထန်းခေါက်ဖာနှင့်လည်း ခိုင်းနှိုင်းခံရသည် ။ ကြံဖန်ပြီး ဂုဏ်ယူရလျှင်ဖြင့် ရွှေကြာတို့ လောက် နာမည်များများ ပိုင်ဆိုင်ရတာမရှိပြီ။ ခေတ်စနစ်ကိုလိုက်ကာ စကားလုံးအမျိုးမျိုး တီထွင်အခေါ်ခံရသဖြင့် ဘယ်တော့မှ မရိုး။

ညမှာ မှ အသက်ဝင်ရသည့် အဖြစ်ကို ခိုင်းနှိုင်းလိုလျှင် ညမွှေးပန်းမှ မဟုတ် … ညဥ့်ငှက်မှ မဟုတ် … လမင်းနဲ့ လည်း ခိုင်းနှိုင်းလို့ ရသည် လေ။ လသည် လည်း ညမှာ မှ နိုးထ အသက်ဝင်ရသည့် ည၏ လိုအပ်ချက်တစ်ခုပဲ မဟုတ်လား …။

ရွှေကြာကတော့ ညမှာ မှ အသက်ဝင်ရတာချင်းအတူတူ ချူးဆွတ်ခံရပြီး နွမ်းကြွေသွားမည့် ညမွှေးပန်းနှင့်လည်း အနှိုင်းမခံလို၊ လူတွေက သူ့အော်သံကြားတိုင်း၊ အတိတ်နိမိတ်မကောင်းဟု ယူဆကာ ငှက်ဆိုးဟု သတ်မှတ်ခံရပြီး သူ့အော်သံကို ငှက်ဆိုးထိုးသံဟု အပြောခံရသည့် ညဥ့်ငှက်နှင့်လည်း အနှိုင်းမခံလို၊ မသာလည်း တ, သာလည်း တရသည့် လမင်းကြီးနှင့်သာ ခိုင်းနှိုင်းခံချင်သည် ။ သို့သော် … ရွှေကြာ့အတွေးကို သိလျှင် လမင်းကြီးကပင် သနသည် ဟု ထင်ဦးမည်။

လူတွေကတော့ ရွှေကြာတို့လို မိန်းကလေးတွေနှင့် နာမည်ချင်းတူနေလျှင်တောင် သနသည် ဟု ယူဆကြသည် ။ တစ်ခါက ရွှေနေကြာဟူ

သော ရပ်ကွက်ထဲက မိန်းကလေးက ရွှေကြာနှင့် နာမည်ဆင်နေသဖြင့် သူ့ကိုပါ အထင်မှားခံရတော့မှာ ပဲဟု ယူဆကာ နာမည်တွေ ဘာတွေ တောင် ပြောင်းလိုက်သည် ။ ဒါတောင် ချွတ်စွပ်ကြီး တူတာမဟုတ်။ ဆင်ရုံလေးနှင့် ဆတ်ဆတ် တုန်နေသည် ။ ဒါမျိုးတွေက ကြုံရပါများ တော့ ရိုးအီလာကာ ခံစားနာကျင်စရာရယ်လို့ မဟုတ်တော့ဘဲ ဟာသတွေ ဖြစ်လာသည် ။ အရင်တုန်းက ငိုချင်စရာကိစ္စတွေသည် ခုချိန်မှာ ရယ်ချင်စရာ ဖြစ်လာရတာဟာ ရွှေကြာ ရင့်ကျက်လာလို့ တော့ မဟုတ်၊ ဖြစ်သည့်ဘဝမှာ ပျော်အောင် နေလိုက်နိုင်ခြင်းကြောင့်ပင်။

ရွှေကြာက လဝန်းကို မော့ငေးစိတ်ကူးဆဲ၌ပင် ရွှေကြာတို့ ကားက ဟိုတယ်၏ နောက်ဖေးပေါက်သို့ ချိုးကွေ့ဝင်လာသည် ။

ရွှေကြာတို့လို ဟိုတယ်၏ တစ်ပင်တိုင် လေဒီတွေသည် ဟိုတယ်၏ ရှေ့ပေါက်မှ ဝင်ခွင့်မရှိ၊ မဝင်ရဟု ဟိုတယ်က စည်းကမ်း သတ်မှတ်ထားသည် ။ ဟိုတယ်၏ လော်ဘီထဲတွင် လည်း ထိုင်ခွင့်မရှိ။ ဤဟိုတယ်၌ လေဒီအဖြစ် စာရင်းပေါက်ထားပြီးသားမို့ ကိုယ့်မှာ ပိုက်ဆံရှိလို့ လော်ဘီမှာ လာထိုင် မှာ စားခွင့်တောင်မရှိ။ ဧည့်သည် နှင့်တွဲပြီး သွားထိုင်စားဖို့ လည်း မမျှော်လင့်နှင့်။ လုံခြုံရေးက မျက်စောင်းထိုးလေမလား၊ မန်နေဂျာမက ခပ်စောင်းစောင်း ကြည့်နေမလား ...။

မန်နေဂျာမဆိုလို့ ဟိုရှေ့က ပျာယီးပျာယာ ထွက်လာနေတာ ဟိုတယ်လော်ဘီက မန်နေဂျာမ မဟုတ်လား ...။

ရွှေကြာသည် ဝန်ထမ်းတွေ အဝင်အထွက်လုပ်သည့် ဟိုတယ်နောက်ပေါက်မှ သုတ်သီးသုတ်ပျာ ထွက်လာနေသော မန်နေဂျာမကို လှမ်းကြည့်ရင်း အေးချမ်းကို လှမ်းပြောလိုက်သည် ။

"အေးချမ်းရေ ... ဟိုရှေ့နားက တစ်ယောက်ရှေ့မှာ ရပ်ပေးနော်၊ ဟို

တစ်ယောက် ကားငှားမယ် ထင်တယ်၊ နင် အပြန်တစ်ကြောင်း အဆင်ပြေသွားတာပေါ့"

အေးချမ်းက မန်နေဂျာမ လျှောက်လာသည့်ဘက်သို့ ကားကို ကွေ့ချိုးလိုက်သည် ။

ဟိုတယ် တစ်ခုတည်းမှာ အလုပ်လုပ်သော်လည်း သူ့ဘဝနှင့် ရွှေကြာ့ဘဝက အလှမ်းဝေးလွန်းလှသည် ။ သူက ရွှေကြာ့ကို အဖက်မ တန်သလို သဘောထားသဖြင့်သာ အမြင်ကတ်ရသော်လည်း သူ့ကို ရွှေကြာက တိတ်တခိုး ငေးမောအားကျမိရသည် ။

သူက လှပပြီး ရယ်စရာကောင်းသည် ။ ပိန်ပိန်ပါးပါး အရပ်မြင့်မြင့် မတ်မတ်၊ ခြေတံလက်တံရှည်ရှည်နှင့်၊ စိတ်လိုက်မာန်ပါ စကားပြောလျှ င် သူ့လက်တံရှည်ကို မြှောက်ကာ လက်ဟန်တွေပါ ပါလာတတ်သော သူ့ပုံစံက ဘွင်းဘွင်းရှင်းရှင်း ထက်ထက်မြက်မြက်နှင့် ခင်စရာကောင်း သည် ။ ဘိုကပြားသွေးစပ်သလိုလို ဖြူဖြူမြင့်မြင့် မတ်မတ်လေးနှင့်၊ လ မ်းလျှောက်ပုံ ကော့ကော့မော့မော့ သွက်သွက်လေးနှင့်မို့ သူ့တွေ့လိုက်ရ င် အမြဲတက်ကြွလန်းဆန်း ကြည်လင်နေသည် ။ မျက်ခုံးမွေးထူထူ မျက် ဝန်းအိမ်ကျယ်ကျယ်၊ နှာတံချွန်ကာ နှုတ်ခမ်းပါး၍ နဖူးကျယ်သော သူ့မျ က်နှာက တည်ကြည် ပြတ်သားသော်လည်း တင်းမာ မာန်ဝင့်နေတာမျိုး တော့ မဟုတ်။ ရွှေကြာ့ကိုမြင်လျှင်သာ ရှုံ့စရာပစ္စည်းတစ်ခုကို မကိုင်ရဲ သည့်ပမာ ရှုံ့တွန့်ကြောက်လန့် ရှောင်ရှားနေတတ်သည် ။ သူ့ခမျာ ရွှေကြာ့ကို ရဲရဲတောင် မကြည့်နိုင်ရှာ။

သူ့ယူနီဖောင်းက သူနှင့်လိုက်ဖက်လွန်းတာကိုတော့ ရွှေကြာက အ သိအမှတ်ပြုသည် ။ ကုတ်အင်္ကျီ၊ စကတ်တိုနှင့် လေဒီရှူးစီးထားသော သူ့ကို တစ်ခါမြင်တော့ ရွှေကြာ့မှာ အားကျလွန်းလို့ သမင်လည်ပြန် ငေး

ရသည် ။ ဆံပင်တွေကို ရှင်းနေအောင် နောက်မှာ စုသိမ်းပြီး ဆံထုံးထုံးထားသဖြင့် လည်ပင်းလေး ရှင်းကြော့နေကာ သူ့ပုံစံလေးက စတိုင်ကျလွန်းသည် ။ သူ့ကို ရွှေကြာတို့ ကျင်လည်ရာ ဟိုတယ်၏ မြေအောက်ထပ် နိုက်ကလပ်က မန်နေဂျာဆီ ခဏလာစဉ်မှာ မြင်ခွင့်ရလိုက်ကတည်းက မှတ်မှတ်ထင်ထင် ရှိခဲ့သည် ။ နောက်တော့ ဟိုတယ်၏ နောက်ပေါက်မှာ ကိုယ်က အလာ၊ သူကအပြန် မကြာခဏ ဆုံရသည် ။

သူတို့လို ဝန်ထမ်းတွေလည်း အလုပ်ဝင်သည့်အခါ ဟိုတယ်နောက်ပေါက်ကိုသာ အသုံးပြုရသည် ။ သို့သော် ရွှေကြာတို့လို သိမ်ငယ်စွာ အသုံးပြုရတာမျိုးတော့ မဟုတ်။ သူတို့ ဆန္ဒရှိလျှင် ဟိုတယ်ကို ခွင့်တောင်းကာ ဟိုတယ်ရှေ့ပေါက်မှ ဝင်ထွက်နိုင်သည် ။

"အစ်မ ... ည ဘယ်အချိန် လာခေါ်ရမလဲ"

အေးချမ်းက တက္ကစီရပ်ပေးရင်း မေးသည် ။ ရွှေကြာက

"ထုံးစံအတိုင်း တစ်နာရီလောက် လာခေါ်လေ ..."

ဟု ပြန်ဖြေရင်း မန်နေဂျာမကို လှမ်းကြည့်လျက် ဘေးမှာ ချထားသည့် စလင်းဘတ်အိတ်ကို ကောက်လွယ်လိုက်သည် ။ တက္ကစီပေါ်မှာ ရွှေကြာပါလာမှန်း မသိရှာသည့် မန်နေဂျာမကတော့ တက္ကစီကို လက်ပြရင်း ရပ်စောင့်နေသည် ။

တက္ကစီက သူမရှေ့မှာ ရပ်လိုက်သည် ။ သူမက ရှေ့တစ်လှမ်း တိုးလာသည် ။ သို့သော် ... ဖျတ်ခနဲ ... ဖျတ်ခနဲ တံခါးဖွင့်၍ ဆင်းလာသော ရွှေကြာ့ကိုမြင်တော့ အလန့်လန့် အဖျပ်ဖျပ်နှင့် နောက်သို့ တစ်လှမ်း ပြန်ဆုတ်သွားသည် ။

"အစ်မ ... ကားငှားမလို့ မဟုတ်လား၊ ဒီကား အားတယ်လေ"

"ဟို ... အင်း ... မဟုတ်ပါဘူး ... ရတယ်"

"အစ်မ ခုနက ကားငှားမလို့ စောင့်နေတာ မဟုတ်ဘူး လား၊ ကျွန်မ စီးလာလို့ ကားက ညစ်ပတ်မသွားပါဘူး အစ်မရဲ့ ၊ စီးသွားလို့ ရပါတယ်၊ ဒီလောက်လည်း မလန့်ပါနဲ့ ၊ ကျွန်မက မသန့်ရင်တောင် ကားကသန့်ပါ တယ်"

ရွှေကြာက ဘွင်းဘွင်းကြီး ပြောပြလိုက်တော့ သူမက ကြောင်တော င်တောင် ဖြစ်သွားသည် ။ ရွှေကြာ့ကို မျက်လုံးပြူးကြီးဖြင့် တစ်ချက်ကြ ည့်လိုက်ပြီး ကားပဲငှားတော့မလို ... ထွက်ပဲသွားတော့မလို ... ဘာလုပ် ရမှန်းမသိ ဖြစ်သွားပုံရသည် ။

ရွှေကြာကတော့ သူမ ဒီလိုဖြစ်သွားအောင် တမင် စနောက်ခဲ့ပြီး ဟို တယ် မြေအောက်ဘက်ခန်းသို့ ဆက်လျှောက်လာခဲ့သည် ။ ကြောက်တ တ်သည့် ကလေးများကို ခြောက်လှန့်ချင်သလိုမျိုးပေါ့ ...။ ရွှေကြာလို မိ န်းကလေးမျိုးနှင့် မျက်နှာချင်းဆိုင်တောင် မဆုံချင်၊ ရဲရဲတောင် မကြည့် ချင်၊ ရွှေကြာ့ကိုမြင်တာနှင့် ဘာကို လန့်မှန်းမသိလန့်ကာ ရှုံ့တွန့်တွန့် ရောင်ဖယ်ဖယ် ဖြစ်သွားတတ်သော သူမကိုမြင်တိုင်း ရွှေကြာက နောက် ချင်သည် ။ ခုနေများ သူ့လက်ကို ရွှေကြာ သွားကိုင်မိလျှင် သူ့လက်သူ ဖြ တ်ပစ်ချင်သွားမလား မသိဟု ရွှေကြာက ခပ်ရွှံ့ရွှံ့တွေးသည် ။

သူကတော့ အေးချမ်းကားကို ဆက်ငှားသွားမသွား မသိ။ ရွှေကြာက တော့ သူ့ကို နောက်ပြောင်ခဲ့ရသဖြင့် ကျေနပ်ကာ ရယ်မောလာမိသည် ။ ကြောက်တတ်သည့် ကလေးကို စချင်တဲ့ လူကြီးတွေဟာ ကြောက်သွား တဲ့ ကလေးရဲ့ ချစ်စရာအသွင်အပြင်ကို သဘောကျတတ်သလိုပဲပေါ့။ မျ က်လုံးအပြူးသားနှင့် လန့်ဖျပ်ကာ အူကြောင်ကြောင် ဖြစ်သွားသည့် သူ မပုံစံက သဘောကျစရာ ကောင်းသည် ဟု ထင်သည် ။ သူမ၏ ရိုးသား

သန့်စင်သော ပုံစံကိုလည်း ရွှေကြာက နှစ်သက်မိပါသည် ။ ရွှေကြာက တော့ မသန့်စင်နိုင်တော့ပြီ။

ရွှေကြာသည် စိုထိုင်းမှောင်မိုက်သော ဟိုတယ်၏ မြေအောက်ထပ်ထဲသို့ ခပ်သွက်သွက် လျှောက်ဝင်လာခဲ့သည် ။ မြေအောက်ထောင့် နံရံတစ်နေရာတွင် အသေးစား ပြင်ဆင်မှုတစ်ခု လုပ်နေသဖြင့် ထိုနေရာတစ်ဝိုက်မှာ ဘိလပ်မြေအမှုန်တွေ လွင့်နေသည် ။ ရွှေကြာက နှာခေါင်းကို လက်ဖဝါးဖြင့်အုပ်၍ ထိုနေရာမှ ဖြတ်လျှောက်လာရင်း အနည်းငယ် မွန်ကာ ချောင်းတစ်ချက်နှစ်ချက် ဆိုးသွားသည် ။ ထိုနေရာကို လွန်လာတော့ လောင်ဒရီခန်းရှေ့မှ ဖြတ်ရသည် ။ အင်္ဂလိပ်စာတတ်လို့ လောင်ဒရီဟု ခေါ်တတ်တာတော့မဟုတ်၊ အဝတ်လျှော်ဌာနကို ဟိုတယ်က လူတကာက လောင်ဒရီဟု ခေါ်သဖြင့် တဖြည်းဖြည်း သဘောပေါက် နားယဉ်လာရတော့တပင် ...။ ရွှေကြာနှင့် အတူအိပ်သော နိုင်ငံခြားသားတွေ၏ စကားတချို့ကိုလည်း ထိုသို့နားယဉ်ကာ သဘောပေါက်ရသဖြင့် တီးမိခေါက်မိတော့ နားလည်လာရသည် ။ အင်း ... လောင်ဒရီကို စာလုံးပေါင်းပါ ဆိုရင်တော့ လည်း မပေါင်းတတ်ဘူးပေါ့။

လောင်ဒရီခန်းရှေ့က ဖြတ်စဉ်မှာ အတွင်းက အသံတဝုန်းဝုန်းနှင့်အတူ အပူငွေ့ကိုပါ ခံစားရသည် ။ ဟိုတယ်၏ အနောက်တံခါးမှ ဝင်ရတယ်ဆိုတော့ အရှေ့တံခါးကဝင်ရသလို ကော်ဇောထူထူပေါ် နင်းရတာမျိုးနှင့်တော့ ခြားနားသည် ပေါ့ ...။

ရွှေကြာက လောင်ဒရီခန်းရှေ့မှ ဖြတ်တော့ ထိုအခန်းဘက်မှ ထွက်လာသော ကောင်မလေးတစ်ယောက်ကို လှမ်းမြင်ရသည် ။ သူနှင့်တော့ မကြာခဏ ဆုံတတ်သည် ။ ရွှေကြာ့ကိုမြင်တော့ သူက အတွင်းဘက်သို့ လှစ်ခနဲ ပြန်ဝင်သွားပြီးမှ မသိမသာ ခေါင်းပြူ၍ ရွှေကြာ့ကို ချောင်းကြ

ည့်သည် ။

လောင်ဒရီခန်းရှေ့က ဖြတ် လာပြီးတော့ စားဖိုခန်းရှေ့က ဖြတ်ရသည် ။ အတွင်းမှ ကြော်လှော် ချက်ပြုတ်သံ တရှဲရှဲ၊ အပူငွေ့နှင့် ညှော်နံ့ကို ရသည် ။ ထိုနေရာများမှ လွန်သော် နိုက်ကလပ်အတွင်းသို့ ဝင်ရမည့် မှန်တံခါးရှေ့သို့ ရောက် လာလေသည် ။

ရွှေကြာသည် မှန်တံခါးကို တွန်းဖွင့်ကာ နိုက်ကလပ်ထဲသို့ ဝင်လာခဲ့သည် ။ စောသေးသဖြင့် နိုက်ကလပ်ထဲမှာ လူမများ သေး၊ ‘ဖားမ’ တွေ သီချင်းမဆိုသေးသဖြင့် တိတ်ဆိတ်လျက်ပင် ရှိသည် ။ နိုက်ကလပ်က ဖိလစ်ပိုင်တီးဝိုင်းမှာ သီချင်းဆိုသည့် ဖိလစ်ပိုင်မတွေကို ဖားမဟု ခေါ်သည် ။ ရွှေကြာ ဘီယာမူးသည့်အခါ ကိုယ့်ရင်ဘတ်ကို ကိုယ် လက်ညှိုးနှင့် ထိုးလိုက်၊ စတိတ်စင်ပေါ်ကို လက်ညှိုးထိုးလိုက်ရင်း ‘ဖ … ဖာ … ဖား’ ဟု ငယ်ငယ်က စာဆိုဖူးသလို ခပ်ရွှတ်ရွှတ် ရေရွတ်ရင်း ရယ်မောရီဝေနေခဲ့ဖူးသည် ။ ဘီယာမူးလျှင် အူရွှင်သော ရွှေကြာက သူတို့ နဲ့ ငါတို့ က ဝစ္စပေါက်ကလေးနှစ်ခုပဲ ကွာတာပါဟု ပြောလျှင်တော့ ရွှေကြာ့သူငယ်ချင်း ချိုလွဲ့နှင့် မာလာက မချိတရိ ပြုံးသည့်အခါ ပြုံးသည် ။ မထူးတော့သော ရယ်မောခြင်းဖြင့် ရယ်သည့်အခါလည်း ရယ်သည် ။

ဒါနဲ့ … ချိုလွဲ့နဲ့ မာလာလည်း မရောက်သေးပါလား။ ရွှေကြာသည် ပြာလဲ့လဲ့ မီးရောင်လေးသာ လင်းနေသော နိုက်ကလပ်ထဲသို့ ဝင်လာသည် ။ ဘားမန်နေဂျာ ဦးဂျွန်က ရွှေကြာ့ကို တစ်ချက် လှမ်းရှိုးသည် ။ ဦးဂျွန်က စိတ်ရင်းကောင်းသူပင်။ တစ်ခါတစ်ခါတော့ ပိုက်ဆံမပေးဘဲ မာလာ့ကို ခေါ်သွားတတ်တာလေး တစ်ခုကလွဲလျှင်ပေါ့။ ဒီဘားမှာ ရွှေကြာတို့ မုန်းတီးသူက ဘားတင်ဒါဟု ခေါ်ကြသည့် အဖျော်ဆရာ ချမ်းမင်းပင် ။ သူကတော့ တစ်ခါတစ်ခါ မာရေကျောရေ ပြောကာ အနိုင်ကျင့်ချင်သ

ည် ။ သူနှင့်တည့်အောင် မပေါင်းလျှင် ရွှေကြာတို့ ကို ဒီဘားကနေ လွင့်ထွက်သွားအောင် လုပ်မည်ဆိုသည့်သဘောမျိုး ခြိမ်းခြောက်ခံရသည် လည်း ရှိသည် ။ သူ့ကို တည့်အောင်ပေါင်းရသဖြင့် သူလိုချင်တာကို အလကားပဲတင်း ပေးရသည် လည်း ရှိသည် ။

ရွှေကြာသည် ထိုင်နေကျ ထောင့်စားပွဲသို့ လျှောက်လာခဲ့ရင်း နိုက်ကလယ်အတွင်းသို့ ဝေ့ဝဲ၍ ကြည့်လာသည် ။ ဂျင်းဘောင်းဘီတို၊ တီရှပ်လက်တိုနှင့် ဆံပင်တိုတိုပေါ်မှာ ဂျင်းလျှာထိုး ဦးထုပ်တစ်လုံး ထပ်ဆောင်းထားသော ရွှေကြာ့ပုံက သာမန် သူလိုငါလို ဝတ်စားဆင်ယင်မှုမျိုးပင် ... ။

ချိုလဲ့တို့ မာလာတို့ ကတော့ သူတို့ ဘာဆိုတာ သိသာအောင် ဝတ်လေ့ရှိကြသည် ။ မျက်နှာကိုလည်း အထူးအထွေ ပြင်ဆင်ခြယ်သကြသည် ။ ဆံပင်ကိုလည်း အမျိုးမျိုး အထွေထွေ ပြုပြင်ကြသည် ။ ရွှေကြာကတော့ သူတို့ နှင့်ခြားနားသည် ။ အင်္ကျီတောင်မှ လက်ပြတ်မဝတ်၊ တီရှပ်နှင့် ဂျင်းဘောင်းဘီဝတ်ကာ ဂျင်းဦးထုပ်ဆောင်းသည် ။ တီရှပ် ခါးလွတ်လွတ်လေးပေါ်မှာ ရှပ်အင်္ကျီတစ်ထည် ထပ်ဝတ်ပြီး ခါးမှာ အောက်နားစကို ဆွဲစည်းထားသည် ။ ဖိနပ်ဆိုလည်း အထူအမြင့် အဆန်းအပြားတွေ မဝတ်ဖြစ်။ ဝေါ့ကင်းရှူးအပါးလေးသာ အမြဲဝတ်သည် ။ ကလပ်ကို ဘဲတွေနှင့်လာသည့် မိန်းကလေးတွေလောက်တောင် ရွှေကြာ့ပုံစံက ထူးခြားဆန်းပြားမှုမရှိ။ သို့သော် ရွှေကြာတို့လို မိန်းကလေးဆိုတာ ကိုယ်ဟာ ဒီအလုပ်လုပ်ပါသည် ဆိုတာကို တစ်နည်းမဟုတ် တစ်နည်းတော့ သိသာစေရမည်ပင်။ ရွှေကြာကတော့ မျက်လုံးအကြည့်ဖြင့်သာ သိသာစေသည် ။ မာလာတို့လို ပတ်ချွဲနပ်ချွဲတော့ မမြူဆွယ်တတ်။ သူက ကိုယ့်ကို သားကောင်လိုကြည့်လျှင် ကိုယ်ကလည်း ခပ်ရဲရဲ ခပ်စူးစူး ပြန်ကြည့်ပေးလိုက်ရုံပင်။ သို့သော် ရွှေကြာ့အကြည့်က

မပျော့ပျောင်းသဖြင့် အလုပ်မဖြစ်သည့် ညတွေလည်း ရှိသည် ။

ရွှေကြာသည် ထိုင်နေကျ ထောင့်ခုံလေးမှာ ပင် ဝင်ထိုင်လိုက်ပြီး ဘီယာတစ်ဂျား မှာ လိုက်သည် ။ ချိုလှဲ့တို့ ရောက်လာလျှင် သုံးယောက် မျှ သောက်မည်။ ဘီယာမဝင်ဘဲ ရွှေကြာ အလုပ်မလုပ်နိုင်ပါ။ သို့သော် နိုက်ကလပ်မှာ က ဘီယာတစ်ခွက်ကို ခုနစ်ထောင်။ တစ်ခွက်တည်းမှာ သောက်ပြီး ဘီယာကုန်သည် အထိ လူမရသေးလျှင်လည်း ငေါင်တောင်တောင်နှင့် ရှက်ရသည် ။

ခဏကြာတော့ နိုက်ကလပ်ထဲကို လူဝင်စပြုသည် ။ မကြာခင် မာလာ ရောက်လာသည် ။ မာလာက ရွှေကြာ့စားပွဲမှာ ဝင်ထိုင်သည် ။

"ရွှေကြာ ရောက်နေတာ ကြာပြီလား ..."

မကြာသေးပါဘူး၊ နင် ဒီနေ့ နည်းနည်း နောက်ကျတယ်နော်

"အေးဟာ ကိစ္စလေးတွေ နည်းနည်း ရှုပ်နေတာ၊ အိမ်ငှားထားတာ က မနက်ဖြန်ဆို လစေ့ပြီလေ၊ မနက်ဖြန် တစ်နှစ်စာချုပ် ထပ်ချုပ်ရမှာ ၊ တစ်နှစ်စာ ပေးစရာမရှိလို့ ဖြလစာစီ ပေးပါရစေဆိုတာလည်း မရဘူး၊ အိမ်ရှင်ကလည်း မနက်ဖြန်မှ မပေးနိုင်ရင် အိမ်ပေါ်က ဆင်းတဲ့ ၊ က လေးနှစ်ယောက်နဲ့ အမေအိုနဲ့ ငါက အိမ်ပေါ်ကဆင်းပြီး ဘယ်နားအမှိုက်ပုံမှာ သွားနေရမလဲ ..."

မာလာက ပြောရင်း ဒေါသထွက်လာပုံနှင့် လေသံမာလာသည် ။ ရွှေကြာက မာလာ့ကို သနားစိတ်ဖြင့်ငေးရင်း လိုက်ခနဲ မျက်ရည် ဝဲလာသည် ။ အဲဒီလိုနေစရာ အခက်အခဲ ပြဿနာတစ်ခုကြောင့်ပဲ ရွှေကြာလည်း ဒီဘဝကို ရောက်လာခဲ့ရသဖြင့် မာလာ့စကားက ရွှေကြာ့ကို အနာပေါ် တုတ်ကျစေသည် ။ ရွှေကြာ ငိုချင်သည် ။ သို့သော် ရယ်လိုက်သည် ။

"မာလာကလည်း ဟာ ... အမှိုက်ပုံတော့ မနေရပါဘူးဟာ၊ စိတ်ညစ်မနေစမ်းပါနဲ့ ၊ နင် ဒီတစ်ည အဆင်ပြေရင်လည်း ဒေါ်လာတစ်ရာတော့ ရမှာ ပဲ ..."

"ဒီညလည်း ပြေချင်မှ ပြေမှာ ပါဟာ၊ နိုက်ကလပ်တွေမှာ ငါတို့ ခေတ် မရှိတော့ပါဘူး၊ နင်လည်း သိတဲ့ အတိုင်းပဲ ခုခေတ်က လူငယ်တွေ မိန်းမလိုက်စားတဲ့ ခေတ် မဟုတ်တော့ဘူး၊ လူငယ်တော်တော်များများက ရည်းစားထားပြီးရင် သူတို့ ရည်းစားနဲ့ သူတို့ နေကြတာ၊ အဲဒါကြောင့် ငါတို့လို ဟိုတယ်မှာ နေရာမရတဲ့ သူတွေဆို နယ်ဘက်တွေက စီမံကိန်းတွေ ရှိတဲ့ နေရာကို ဆင်းကုန်ကြပြီတဲ့ ..."

"ဟုတ်လား ..."

မာလာ့ဆီက ဒီလိုသတင်းအဆန်းတွေကို ကြားရလေ့ရှိသည် ။ ရွှေကြာ့လို ဒီတစ်နေရာတည်းမှာ ကျင်လည်ခဲ့ရသူမဟုတ်၊ အနှိပ်ခန်းတွေမှာ လည်း အလုပ်လုပ်ခဲ့ဖူးသည် ဟု ဆိုသည် ။ နယ်ပယ်စုံခဲ့သော မာလာ့ဆီက သတင်းစုံသည် ။ ပြီးတော့ မာလာက အပြောနည်းနည်းကြမ်းသည် ။ မာလာနှင့်ရွှေကြာက ငယ်သူငယ်ချင်းတော့ မဟုတ်ခဲ့ပါ။ ဒီဟိုတယ်ရောက်မှ ဆုံရသည် မှန်သော်လည်း စိတ်ရင်းကောင်းသော မာလာ့ကို ရွှေကြာက ခင်မင်သည် ။

ရွှေကြာက မာလာ့စကားကို နားထောင်ရင်း စတိတ်စင်ရှေ့ စားပွဲမှ ထိုင်နေသည့် အတွဲဆီ မျက်စိရောက်သွားသည် ။ ထိုသမီးရည်းစားစုံတွဲကို မကြာခဏ တွေ့ဖူးသည် ။ ကောင်မလေးက ဆက်စီကျကျ ဝတ်ရုံမက ဆက်စီကျကျနေပုံမှာ ရွှေကြာတို့လို မိန်းကလေးတွေကပင် အရှုံးပေးရသည် ။ သို့သော် လောကကြီးမှာ ရည်းစားတကာနှင့် အခါခါ အိပ်ဦးတော့ ကြေးစား မဟုတ်သေးသရွေ့တော့ 'ဖာ'ဟု အမည်တပ်လို့ ရမ

ည်မထင်။ သူတို့ အတွဲနှင့် မလှမ်းမကမ်းမှာ တော့ ရေလျှံသူ အန်တီကြီး ကို တွေ့ရသည် ။ ထိုအန်တီကြီးမှာ ကလပ်သို့ နှစ်ရက်ခြား တစ်ခါလာ သည် ။ ကောင်လေး ငယ်ငယ်လေးတွေ ပါသည့်အခါ ပါသည် ။ သူသည် လည်း ငွေရသူမဟုတ်၊ သူကပေးရသဖြင့် 'ကြေးစား'ဟု ပြောမရ ...။

ရွှေကြာသည် ထိုမိန်းကလေးနှင့် ထိုအန်တီကြီးတို့ ဆီမှ အကြည့်လွှဲ လိုက်ပြီး မာလာ့ကို ပြန်ကြည့်လိုက်သည် ။ ပြီးတော့ မာလာအတွက် ဘီ ယာတစ်ခွက် ငှဲ့ကာ မာလာ့ရှေ့သို့ ရွှေ့ပေးလိုက်သည် ။

"ကဲ ... သောက်လိုက်ဦး၊ ငါ တစ်ဂျားမှာ ထားတာ ..."

မာလာက ဘီယာခွက်ကို လှမ်းယူပြီး တစ်ဝက်ကျိုးသည် အထိ ဆ က်တိုက် သောက်ချလိုက်ပြီးလျှင် ဆက်ပြောသည် ။

"နင် ... စဉ်းစားကြည့်လေ ရွှေကြာ၊ အပြင်မှာ တစ်ခွက်မှ ၇၀၀ ပဲ ပေးရတဲ့ ဘီယာကို ဒီမှာ တစ်ခွက် ၇၀၀၀ ပေးရတယ်၊ ချွေတာရေးလုပ်ပြီး တစ်ခွက်တည်း မှာ သောက်တော့လည်း ဘီယာတစ် ခွက်သာ ကုန်သွားတယ် လူမလာရင် ငေါင်စင်းစင်းနဲ့ ရှက်စရာကြီးဆို တော့ ခုလို တစ်ဂျားမှာ ပြီး သုံးယောက်စပ်တူ သောက်ရတယ်၊ တက္ကစီ က အသွားအပြန် တစ်သောင်းဆိုတော့ ငါတို့ ရဲ့ တစ်ရက် အရင်းအနှီး က နှစ်သောင်းရှိတယ်၊ လူမရရင် အဲဒီနှစ်သောင်းက ရှုံးရောပဲ မဟုတ် လား၊ ဒီကြားထဲ ကိုယ့်ကိုယ်ကိုယ် မွမ်းမံခြယ်သရတဲ့ စရိတ်ကလည်း ရှိ သေးတယ်။ လူမရရင် အဲဒီပိုက်ဆံက ရှုံးပြန်ရော၊ အင်းလေ ... ငါရည်ရွ ယ်ထားတာလေး ဖြစ်မြောက်သွားရင်တော့ ဒီအလုပ်ကို မလုပ်တော့ပါ ဘူး"

မာလာက စကားဆုံးသည် နှင့် လက်ကျန် ဘီယာကို မော့သောက်လို က်သည် ။ မာလာ့ကိုကြည့်ရတာ ရီဝေ ဝမ်းနည်းလာပုံရသည် ။

မာလာ ဒီဘဝရောက်ခဲ့ရခြင်းမှာ မိခင်၏ အကြွေးကို ဆပ်ပေးလိုခြင်းက အစပြုခဲ့သည် ဟု ရွှေကြာ့ကို ပြောပြထားခဲ့ပါသည် ။ အကြွေးမဆပ်နိုင်သဖြင့် သူများ အနိုင်ကျင့်သမျှ ခံနေရသော မိခင်ကို ကယ်တင်လိုရာမှ စ၍ သူ့ဘဝကို သူ မကယ်နိုင်အဖြစ်ကို ရောက်ခဲ့ရတာ ပင် ...။ အစပထမ နယ်က အနှိပ်ခန်းမှာ ဝင်လုပ်တော့ တစ်ယောက်မှ ၇ ဝဝ သာ ရသည် ဟု ဆိုသည် ။ ထို ၇ဝဝ ဟာ နှိပ်ရုံပဲလား ဆိုတော့လည်း မဟုတ်။ မအိပ်ရရုံတမည်သာ အကုန်ပွှန်းပွဲပါမှ တစ်ယောက် ၇ဝဝ ရ သော ဘဝမှ ညောင်းညာတတ်သော ကားသမားနှင့် အိမ်ထောင်ကျလေ ရာ ကလေးနှစ်ယောက် ရလာသည် ။ ထိုကားသမားက နယ်တကာသွား လာ ကားမောင်းရင်း မစို့မပို့ ပိုက်ဆံသာရလေသောအခါ ယောက်ျားရှိ လျက်နှင့် ဒီအလုပ်ကို လုပ်ရသည့်အဖြစ်ကို ရောက်လာသည် ။ အိမ်မက ပ်ရလေသော ယောက်ျားက သူ့မိန်းမကို ဘားမှာ စားပွဲထိုးသည် ဟု သာ သိထားလျက် ကလေးနှစ်ယောက်ကတော့ မျက်နှာမငယ်ရဘဲ ကျောင်း နေနိုင်သည် ဟု ဆိုသည် ။ ခုတော့ စုဆောင်းမိသမျှ ပိုက်ဆံကလေးဖြင့် တက္ကစီတစ်စီးကို အရစ်ကျ ဝယ်ထားကာ ထိုပိုက်ဆံကျေလျှင် ဒီအလုပ် မှ အနားယူမည်ဟု ဆိုလေသည် ။

"ပိုက်ဆံက စုမိလိုက် အိမ်စာချုပ် ချုပ်လိုက်နဲ့ ပဲ ဒီသံသရာထဲမှာ လ ည်နေတာဟ ...။ နင်သိလား ... ရွှေကြာ၊ လောကကြီးမှာ ပိုက်ဆံရှိတဲ့ သူတွေပဲ ထပ်ထပ်ရှိတာ သိလား၊ မရှိဆင်းရဲသားတွေ နေဖို့ တန်ဖိုးနည်း အိမ်ရာတွေ ရောင်းမယ်လို့ ဒီနေ့ ပြောလိုက်၊ နောက်တစ်နေ့ဆို ပိုက်ဆံရှိ တဲ့ သူတွေက အဲဒီအခန်းတွေကို ဝယ်ပြီးသားပဲ၊ သူတို့ က ဝယ်ပြီး ဈေး တင်လိုက်တဲ့ အခန်းကို ငါတို့ က အမြတ်ပေးဝယ်မှ ရမှာ ...၊ သူတို့ သာ ချမ်းသာသွားတယ်၊ ငါတို့ က ဒုံရင်းပဲ၊ သူတို့ သာ တစ်ခန်းကနေ နှစ်ခန်း ပိုင်သွားတယ်၊ ငါတို့ က ဒုံရင်းပဲ၊ ဟို ... ဘယ်လိုပြောရမလဲ၊

စားပွဲပေါ်မှာ စားကောင်းသောက်ဖွယ်လေးတွေက စားနေရသားနဲ့ မတင်းတိမ်နိုင်ဘဲ စားပွဲအောက်မှာ မရှိမဲ့ရှိမဲ့လေး စားရမယ့် ခွေးစားခွက်ကို လုနိုက်သလိုပဲ၊ သိလား၊ ခွေးစားခွက်တောင် မချန်ဘူး သိလား ..."

"မာလာကလည်း ဟာ ... နင် အဲဒီလိုကြီး မရှင်မလန်းကြီး ဖြစ်နေတော့ နင့်ကို ဘယ်သူက ခေါ်တော့မှာ လဲ၊ ဟော ... ဟိုမှာ ချိုလဲ့ လာပြီ"

ချိုလဲ့က ရွှေကြာတို့ စားပွဲဆီ လျှောက်လာနေသည် ။ ချိုလဲ့က ပေါ့ပါးသွက်လက်သည် ။ သူရသော ပိုက်ဆံဖြင့် သူ့ရည်းစားကို ကျောင်းထားပေးနေသဖြင့် သူ့မှာ သာယာကျေနပ်စရာ ရှိသည် ။ ကာရာအိုကေဆိုင်မှာ စာရင်းကိုင် ဝင်လုပ်ရင်းက တံငါနားနီး တံငါဖြစ်ကာ မန်နေဂျာ၏ တွန်းပို့မှုဖြင့် ကာရာအိုကေခန်းထဲ ရောက်ရကာ နောက်ဆုံးတော့ ဒီလမ်းကို လျှောက်ခဲ့ရသည် ။ နယ်က မိဘဆီ ပိုက်ဆံမှန်မှန်ပို့သော်လည်း သူဘာလုပ်သည် ဆိုတာကို မိဘက ရေရေရာရာ မသိပေ။

"မာလာ ... ဘာဖြစ်နေတာလဲ၊ အစောကြီး ရွှဲနေပြီလား ..."

ချိုလဲ့က ရွှေကြာတို့ ဝိုင်းမှာ ဝင်ထိုင်လိုက်ပြီး ဘီယာဂျားကို ဆွဲယူ ငုံ့သောက်လိုက်သည် ။ မာလာကတော့ ထွေလာသဖြင့် ‘နင်သိလား ရွှေကြာ’ ‘နင်သိလား ရွှေကြာ’ဟု အပ်ကြောင်းထပ်စ ပြုလာသည် ။

"နင်သိလား ... ရွှေကြာ၊ ငါအရင်ကဆို ကြေးများ တယ် သိလား၊ ဗမာ ဧည့်သည် ဆို ငါလုံးဝ မလိုက်ဘူး၊ သူတို့ က ကပ်စေးနဲ့တယ်၊ သူတို့ ပေးတာထက် ပိုပြီး ဝန်ဆောင်မှုလိုချင်တယ်၊ ဒီကြားထဲ တစ်ခါတလေ ရဲတိုင်လိုက်မယ်ဆိုတာမျိုး ခြိမ်းခြောက်သေးတာ၊ ဟိုတယ်ဝန်ထမ်းတွေကလည်း ငါတို့ ကို ပြောထားတယ်လေ၊ ဘယ်သူ မှန်မှန်မှားမှား ဧည့်သည် ဘက်ကပဲ ရပ်မယ်တဲ့ ၊ အဲဒီတော့ ငါတို့ က မှန်မှန်မှားမှား

အမြဲလျှော့ပေးရတာ ဘယ်လောက်ဆိုးလဲ ရွှေကြာ ... ဟင်၊ ဟင်း ဟင်း ... ခုတော့ ကြေးမများ နိုင်တော့ပါဘူးဟာ ရရာပဲ ... ရရာပဲ ..."

မာလာက ခပ်တိုးတိုးရယ်ရင်း ပြောသည် ။ ချိုလွဲ့က ပခုံးတစ်ချက် တွန့်လိုက်ရင်း ...

"ရွှေကြာ ဘာလဲ ... လူငယ်လေးတွေ မိန်းမလိုက်စားတဲ့ ခေတ် မဟုတ်တော့ဘူးလို့ သူပြောသေးလား"

"အင်း ... ပြောတယ်လေ"

"သူ အဲဒါကို ကြေကွဲနေတာ၊ မကြေကွဲစမ်းပါနဲ့ ဟာ၊ ဘာဖြစ်လဲ၊ လူငယ်မရတော့လည်း လူကြီးပေါ့၊ လူကြီးကမှ ကိုယ်ချွဲတတ်ရင် ချွဲတတ်သလို သနားပြီး ပိုက်ဆံကျဲတတ်သေးတာ၊ ကဲပါ ... ရီဝေ မနေပါနဲ့တော့၊ ပိုက်ဆံလိုချင်ရင် ကိုယ့်အလုပ်သာ အာရုံစိုက်စမ်းပါ"

ပျော်ပျော်နေတတ်သော ချိုလွဲ့က မာလာ့ကိုပြောရင်း ဟိုဒီ မျက်လုံးကစားနေသည် ။ မာလာက ခေါင်းမော့ကာ ချိုလွဲ့ကို မျက်စောင်းထိုး၍ ကြည့်လိုက်ပြီးမှ သူ့ကိုယ်သူ သပ်သပ်ရပ်ရပ်လေးဖြစ်အောင် ပြုပြင်လိုက်သည် ။ စတိတ်စင်ပေါ်မှာ ဖိလစ်ပိုင်တီးဝိုင်းက စတင်တီးခတ်စ ပြုပြီ ။ မကြာခင် ဖားမတစ်ယောက်၏ နားထောင်ကောင်းသော သီချင်းသံကို ကြားရသည် ။ အင်္ဂလိပ်လိုဆိုနေသဖြင့် သီချင်း၏ အဓိပ္ပာယ်ကိုတော့ နားမလည်လှ။ သံစဉ်ကတော့ မြူးကြွသည် ။ စတိတ်စင်ရှေ့ကသည့် နေရာမှာ မီးရောင်စုံတို့ ရွှေ့လျား ကစားနေကြသည် ။ စောစောက မြင်ရသည့် သမီးရည်းစားစုံတွဲသည် စတိတ်စင်ရှေ့သို့ ရောက်လာကာ မြွေကဲ့သို့ တွန့်လူးတွန့်လူး ပူးယှက်ကာ လှုလှုပပ ကခုန်နေသည် ။ ရေလျှံသူ အန်တီကြီးသည် လူငယ်ကလေးကို ဆွဲခေါ်လာကာ မြူးမြူးကြွကြွ စုံတွဲကနေသည်။ ဘားရှေ့က ခုံတွေပေါ်မှာ တော့ တစိမ့်စိမ့် အရက်သောက်နေ

သော ယောက်ျားများက စတိတ်စင်ကိုကြည့်ရင်း တစ်ချက် တစ်ချက်မှာ ရွှေကြာတို့ ဘက်သို့ အကြည့် ရောက်လာသည် ။

ဂီတသံက ကချင်စဖွယ် ဆွဲဆောင်နေသော်လည်း ရွှေကြာတို့လို မိန်းကလေးတွေကတော့ ကခွင့်မရှိပါ။ ဧည့်သည် တွေမှာ မိန်းမဖော်ပါလာခဲ့သော် ရွှေကြာတို့ နှင့် အရောရော အထွေးထွေး ပြဿနာတက်မည်စိုးသဖြင့် ပိတ်ပင်ထားခဲ့ခြင်းပင်။

ရွှေကြာသည် ငြိမ်သက်စွာထိုင်လျက် မျက်စိက ကိုယ့်ကို လိုလားသည့် မျက်ဝန်းတစ်စုံကို ရှာဖွေရင်း အတွေးတွေ ဝေနေသည် ။ ဒီည ရွှေကြာ ဧည့်သည် ရလျှင်တော့ ရွှေကြာနားရွက်ဖျားက နားဆွဲလေးကို မာလာ့အတွက် ပေးလိုက်တော့မည်ဟု ဆုံးဖြတ်မိသည် ။ ရွှေကြာက မာလာတို့လို ကိုယ့်အကြောင်း ကိုယ့်ခံစားချက်ကို များများ ဖွင့်ဟတတ်သူမဟုတ်၊ ကိုယ့်အလုပ်နဲ့ ပတ်သက်သည့် အကြောင်းတွေကိုလည်း မပြောလို၊ ရွှေကြာ့မှာ သာ တန်ခိုးတစ်စုံတစ်ရာရှိလျှင် ညစဉ် ဒီလိုအချိန်ကနေ ဟိုတယ်မှ ပြန်ချိန်အထိ ဖြစ်ပျက်ခဲ့သမျှကိစ္စတို့ ကို ဦးနှောက်ထဲမှ ခြစ်ထုတ်ပစ်ချင်သည် ။

ဟိုဒီဝေ့ဝဲကြည့်ရင်း တစ်ဖက်စားပွဲမှာ ထိုင်နေသည့် ရွှေကြာတို့လို မိန်းကလေးသုံးယောက်ကို လှမ်းကြည့်မိသည် ။ သူတို့ နှင့်တော့ ရွှေကြာ မခင်ပါ။ သူတို့ ကလည်း သူတို့ အုပ်စုလေးနှင့်သူတို့ နေနေသည် ။ စားပွဲမှန်အောက်က ထွန်းထားသည့် မီးရောင်ခပ်ပြာပြာက သူတို့ မျက်နှာကို ဟပ်ကာ သူတို့ မျက်နှာပေါ်က မျက်လုံးတွေကို မြင်ရသည် ။ မျှော်လင့်မျက်လုံး ... မျှော်လင့်မျက်နှာ။

သေချာသည် ကတော့ ရွှေကြာတို့ အားလုံး၏ ယခုအချိန်မှာ ရှိနေသည့် မျှော်လင့်ချက်သည် ယောက်ျားတစ်ယောက်နှင့် သာယာခွင့်ရဖို့ မဟု

တ်၊ ဇိမ်ခံဖို့ မဟုတ်၊ တစ်ညတာအတွက် ရရမည့် ဒေါ်လာ ၁၀၀ သာ ဖြစ်လေသည် ။

ထိုခဏမှာ ပင် ရွှေကြာသည် ဒေါ်လာတစ်ရာတန် အကြည့် တစ်စုံကို လက်ခံရရှိလိုက်သည် ။

ရွှေကြာက ထိုအကြည့်ကို လက်လွတ်မခံဘဲ ခပ်စူးစူးပြန်ကြည့်ရင်း ရွှေကြာ့ခေါင်းမှာ ဆောင်းထားသည့် ဦးထုပ်လျှောကို လှန်လိုက်သည် ။ သူ ထ လာပြီ။ ရွှေကြာက ထလိုက်သည် ။ သူ့ကိုကြည့်လျက်ပင် ရွှေကြာ့နားရွက်က စိန်နားဆွဲသေးသေးလေးကို ဖြုတ်လိုက်ပြီး မာလာ့ရှေ့စားပွဲပေါ်မှာ ချပေးလိုက်သည် ။

"မာလာ ... မနက်ဖြန် နင် အဲဒါသွားရောင်းပြီး အိမ်စာချုပ် ချုပ်လိုက် ..."

စကားလုံးဆုံးသည် နှင့် ရွှေကြာသည် ထိုဒေါ်လာ ၁၀၀ တန်ဆီသို့ လှမ်းထွက်လိုက်ပါသည် ။

***

ဟိုတယ်၏ စင်္ကြံလမ်းသည် ရှည်လျားမြဲ ...။ ဝါရွှေသော မီးရောင် ဖျော့ဖျော့လင်းလျက် ပွဲအိနူးညံ့သော ကော်ဇောခင်းထားသည့် စင်္ကြံလမ်းသည် ရွှေကြာ့အတွက်တော့ အမိုက်မှောင်တစ်ခု။ သို့သော် ဒေါ်လာတစ်ရာတန်ကို မြင်ယောင်မိလျှင်တော့ အလင်းရောင်တစ်ခု ဖြစ်ချင်ဖြစ်မည်။ ဘာမှ မခံစားရတော့ဘဲ ထုံပေပေနှင့် လုပ်ရိုးလုပ်စဉ်တစ်ခုလို ဖြစ်သည့်အခါလည်း ဖြစ်မည်။

ဟိုတယ် မြေအောက်ထပ် အနောက်တံခါးမှ သိမ်ငယ်စွာ ဝင်လာခဲ့ရပေမဲ့လည်း နောက်ဆုံးတော့ ခမ်းနားသည့် ဟိုတယ်အပေါ်ထပ်ကို ရောက်လာခဲ့ရတာပါပဲဟု ဖြေသိမ့် ပြုံးထေ့ မော်ကြွားနိုင်သည် တော့ မဟုတ်။ ရီဆက်ရှင်တွင် အထပ်ထပ် စစ်ဆေးခံ၊ မှတ်ပုံတင်အပ်၊ ပေးထားခဲ့သည့် အကြည့်များ စွာကို ခံယူပြီးမှ ဧည့်သည် နိုင်ငံခြားသား ပေးထားခဲ့သည့် အခန်းနံပါတ်ကို မှတ်သားကာ ဟိုတယ်အပေါ်ထပ်သို့ တက်လာခဲ့ရသည် ။ သိမ်ငယ်စရာ ကောင်းသော်လည်း မသိမ်ငယ်တတ်တော့တာ ကြာခဲ့ပြီ။

ရွှေကြာသည် ဂျင်းလျှာဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းကာ စင်္ကြံလမ်းအတိုင်း လျှောက်လာသည် ။ တစ်ဖက်တစ်ချက်ရှိ အခန်းများသည် လူအဝင်အထွက် မရှိဘဲ ငြိမ်သက် တိတ်ဆိတ်နေခဲ့ပြီ။ ဓာတ်လှေကားရှိသည့် နေရာတချို့မှ ဖြတ်စဉ် ကျယ်ဝန်းသော မှန်ပြတင်းတံခါး၏ အပြင်ဘက်တွင် မိုးတွေ သဲသဲမဲမဲ ရွာလျက် ရှိတာကို တွေ့ရသည် ။ မိုးရေစက်တို့ သည် မှန်တံခါးကို ခပ်ကြမ်းကြမ်း ပက်စင်နေသော်လည်း မိုး

သံကို မကြားရ။ ဟိုတယ်၏ အတွင်းပိုင်းသည် မိုးညနှင့် တစ်ကမ္ဘာခြား သကဲ့သို့ ဆိတ်ငြိမ် အေးချမ်းနေလေသည် ။

အခန်းက ဓာတ်လှေကားနှင့် တော်တော်ပင်ဝေးသည် ။ စင်္ကြံလမ်း ၏ ဟိုဘက် အဆုံးလောက်မှာ ရှိမည် ထင်သည် ။ အရင်တုန်းကတော့ အခန်းနံပါတ်တွေကိုပင် သွက်သွက် မဖတ်နိုင်ခဲ့။ ခုတော့ ဖတ်ပါများ လို့ ဖတ်နိုင်နေပြီ။ ရွှေကြာသည် အေးစိမ့်စိမ့် စင်္ကြံလမ်းအတိုင်း လျှောက် လာရင်း ဒီဟိုတယ်ကို ပထမဦးဆုံး ရောက်ခဲ့သည့်အချိန်ကို သတိရသ ည် ။ ခါးသီးလွန်းသဖြင့် မေ့ပစ်ချင်သော်လည်း ဒီစင်္ကြံလမ်းမှာ လျှောက် တိုင်း ဖျိုးခနဲ ဖျတ်ခနဲ သတိရကာ နင့်ခနဲ စူးခနဲ နာကျင်သွားတတ်သည် ။ သို့သော် ကြာကြာမနာကျင်တတ်တော့။ ခံစားချက်မှန်သမျှ မေ့လွယ် ပျောက်လွယ်ဖြစ်ဖို့ အကျင့်ရနေပြီ။

အဲဒီအချိန်တုန်းက ရွှေကြာက ငယ်ရွယ်သည် ။ သို့သော် ခုလိုတော့ မလှ ...။ ခေါင်းတုံးဆံပင်ပေါက်စ ဖြစ်ရသည့်အထဲ လက်မောင်းမှာ မီးပူ အကပ်ခံထားရသည့် ဒဏ်ရာ အမာရွတ်ကြီးက ထင်းထင်းပေါ်နေသည် ။ အာဟာရ မပြည့်ဝသဖြင့် လူက စိုစိုပြည်ပြည်မရှိ။ အသက်သာ ၁၆နှစ် ပြည့်ခဲ့ပြီ ဆိုသော်လည်း ကလေးရုပ်ရည် ကလေးကိုယ်ဟန်ပင် မပျော က်တတ်သေး။ ၁၆ နှစ်မတိုင်ခင်တုန်းကတော့ ကလေးက ကလေးကိုထိ န်းဖို့ သူတစ်ပါးအိမ်မှာ နေရသည် ။ အဖေ ဒရိုင်ဘာက အရက်သောက် ၍ ကားမောင်းရင်း ကားချင်းတိုက်၍ သေသောအခါ အဖေ့ညီမက မွေး သည့် ရွှေကြာ့အစ်မတစ်ဝမ်းကွဲက သူ့အိမ်ကို ခေါ်သွားသည် ။ သူ့ယော က်ျားက အရက်သောက်လှပြီး ပိုက်ဆံမရှာသဖြင့် အစ်မကပင် သူ့ယော က်ျားနှင့် ကလေးသုံးယောက်ကို ရှာကျွေးရသည် ။ အစ်မယောက်ျားက ရွှေကြာပါးကလေးကို လိမ်ဆွဲသောတစ်နေ့မှာ အစ်မက မျက်နှာမကော င်း။ ထို့နောက် မကြာခင်မှာ ပင် ကလေးထိန်းအဖြစ် အလုပ်လုပ်ဖို့

သူများ အိမ်ကို ပို့လိုက်သည် ။ အဲဒီအချိန်က ရွှေကြာ့အသက် ၁၁ နှစ် … ။

ရွှေကြာသည် ကလေးထိန်း အလုပ်လုပ်နေရင်း ထိုအိမ်မှာ ငါးနှစ်တိုင်တိုင် နေခဲ့သည် ။ အိမ်ရှင် အမျိုးသမီးက ရွှေကြာ့အပေါ် ညှာတာတာ ဆက်ဆံသဖြင့် ရောက်စမှာ တော့ ထိုအိမ်မှာ ရွှေကြာ ပျော်သည် ။ သို့သော် မကြာခင်မှာ ပင် ရွှေကြာ့အပျော်ကို ဖျက်ဆီးမည့်သူ တစ်ယောက် အိမ်ကို ရောက်လာသည် ။ ယောက်ျားက ဖောက်ပြန်သဖြင့် အိမ်ထောင်ကွဲခဲ့သည် ဟု ဆိုသော ထိုအမျိုးသမီးသည် အမြဲလို ဒေါသထွက်နေကာ ရွှေကြာ့ကိုဆို အမျိုးမျိုး နှိပ်စက်သည် ။ ရေခဲသေတ္တာထဲက အသားဘူးတွေ ထုတ်ခိုင်းသည့်အခါ ရွှေကြာက မေ့ပြီး တစ်ဘူးကျန်ခဲ့လျှင် ပါးပိတ်ရိုက်လိုက်သည် ။ ပန်းကန်ကျကွဲတော့ လက်မောင်းရင်းကို ကတ်ကြေးဖြင့် ထိုးသည် ။ မီးပူတိုက်တာ ကြာသည် ဟု ဆိုကာ လက်မောင်းကို မီးပူနှင့် အကပ်ခံရသောနေ့ကဆို နာလွန်း ပူလွန်းသဖြင့် သတိတောင် လစ်သွားခဲ့ရသည် ။ ကလေးထိန်းဟု သာ ဆိုသော်လည်း ကလေးအိပ်ပြီဆို လျှင်တော့ အိမ်မှုကိစ္စတွေလုပ်ရင်း အိမ်ဖော်ဖြစ်ရပြန်သည် ။ ထိုအိမ်မှာ နေသမျှ ကာလပတ်လုံး ရွှေကြာ့ခေါင်းပေါ်မှာ ဆံပင်ပေါက်ခွင့် မရ။ ၁၂ရာသီခေါင်းတုံးဖြင့်သာ နေရသည် ။ ထိုအိမ်၌ ဘယ်လိုပင် အဖြစ်ဆိုးသော်လည်း ပြေးစရာ မြေမရှိသဖြင့် ကြိတ်မှိတ်၍ သာ နေခဲ့ရသည် ။ မနက်လေးနာရီ အိပ်ရာထကာ ည ၁၂ နာရီအထိ အလုပ်လုပ်ခဲ့ရသည် ။

တစ်နေ့တော့ အစ်မဆီက သတင်းရသဖြင့် ရွှေကြာ့အမေကို ရွှေကြာ သွားတွေ့သည် ။ အမေ၏ နောက်အိမ်ထောင်နှင့် မွေးထားသည့် ညီမလေးနှင့် အဖေနှင့် မွေးသော ညီမလေးကို မြင်ရတော့ ချစ်ခင်စိတ် ဖြစ်ရသည် ။ ရွှေကြာသည် မပြေလည်သော အမေနှင့် ကလေးများ အတွက်

အိမ်ရှင်အစ်မ ပေးထားသည့် မုန့်ဖိုးလေးတွေကို ပေးခဲ့ပြီး အလုပ်လုပ်သည့် အိမ်သို့ ပြန်လာခဲ့ရသည် ။ နောက်ပိုင်းတော့ အမေ ရောက်မလာတော့။

ရွှေကြာ့ကြောင့် အင်္ကျီမီးကျွမ်းသည့် တစ်ညနေမှာ အိမ်ထောင်ကွဲ မိန်းမက ကတ်ကြေးဖြင့် ထိုးမည်ပြင်လျှင် ရွှေကြာသည် မျက်လုံးတွေ ပြာဝေ ဒူးတုန်ကာ အိမ်မှ ထွက်ပြေးလာခဲ့သည် ။ တက္ကစီတစ်စီး ငှားပြီး အလွတ်ကျက်ထားသည့် အစ်မ အိမ်လိပ်စာကို ပြောကာ ပို့ခိုင်းလိုက်သည် ။ အစ်မကတော့ ရွှေကြာ့ကို မသနားသည့်အပြင် ဆီးကြို အပြစ်တင်သည် ။

"ဟင် ... ကောင်းစေချင်လို့ နတ်ပြည်တင်ထားပါတယ်၊ ဖင်အေးလို့ ဆိုပြီး ခုန်ချတယ်ပေါ့လေ ... ဟုတ်လား"

အဲဒီတုန်းက သူပြောသည့် နတ်ပြည်ဆိုတာ ကတ်ကြေးနဲ့ ထိုးတတ်သည့် မိန်းမ၊ မီးပူနှင့်ကပ်တတ်သည့် မိန်းမမျိုးတွေရှိသည့် နေရာလားဟု တွေးကာ နားမလည်နိုင်။ တစ်နေ့တစ်နေ့ ဖင်ပူအောင် ထိုင်ပြီး မီးပူတိုက်ရသဖြင့် ဖင်အေးချိန်တောင် မရှိ။

ရွှေကြာ အစ်မအိမ်ပြန်ရောက်ပြီး တစ်လအကြာမှာ အစ်မက အိမ်အငှားစာချုပ် ထပ်ချုပ်ဖို့ ပိုက်ဆံမပြည့်ဟု ဆိုကာ ဟိုဒီ ပြေးလွှား ချေးငှားနေသည် ။ အစ်မယောက်ျားကတော့ အိမ်ဦးခန်းမှာ အရက်သောက်၍ နေသည် ။

နောက်တစ်ရက်ကျတော့ အစ်မက ရွှေကြာ့ကို တစ်ခါမှ မပြောဖူးသော လေသံ ပျော့ပျော့ပျောင်းပျောင်းဖြင့် ပြောလာသည် ။

"ရွှေကြာရယ် ... အစ်မကို ကူပါဦးနော်၊ ဘာမှ မပင်ပန်းဘူး သိလား၊ ခဏလေး သွားလိုက်ရုံပဲ၊ သူနေခိုင်းသလို နေလိုက်ရုံပဲ သိလား၊ ရွှေကြာ့

ကို ကတ်ကြေးနဲ့ လည်း မထိုးဘူး၊ မီးပူနဲ့ လည်း မကပ်ဘူး ..."

ရွှေကြာသည် အစ်မအသံကို ခုပင် ကြားလိုက်သလို ထင်မိကာ စိမ့်ခနဲ တုန်သွားသည် ။

ရွှေကြာက စကြိုလမ်းအတိုင်း သွက်သွက် ဆက်လျှောက်လာခဲ့ရင်း လွန်ခဲ့သည့် ခြောက်နှစ်က ပထမဦးဆုံး လျှောက်ခဲ့ရသည့်အချိန်ကို သတိရလာသည် ။

အဲဒီတုန်းကတော့ လူကို ကြောက်ရကောင်းမှန်း မသိသေးသော ရွှေကြာသည် သရဲကြောက်စိတ်ဖြင့် စကြိုလမ်းအတိုင်း မဝံ့မရဲ လျှောက်ခဲ့ရသည် ။ ကလေးထိန်းအဖြစ် သူများ အိမ်မှာ နေရစဉ်က အိမ်ရှင်များနှင့် အတူ ကြည့်ခဲ့ရဖူးသည့် နိုင်ငံခြားကားတွေထဲက ဟိုတယ်စကြိုလမ်းနှင့် တူနေသဖြင့် ရွှေကြာက သရဲကြောက်မိတာပင်။ ရုပ်ရှင်ကားထဲမှာတော့ ဒီလို လူရှင်းတိတ်ဆိတ်သည့် စကြိုလမ်းအချိုးအကွေ့တွေမှာ သရဲက ဘွားခနဲ ပေါ်လာတတ်သည် ။ ထို့ကြောင့် ဟိုနေရာက သရဲထွက်လာနိုး ... ဒီနေရာက သရဲထွက်လာနိုး ချောက်ချားကာ လျှောက်သွားခဲ့ရတာပင်။ သို့သော် စကြိုလမ်းအလွန် တံခါးချပ် တစ်ချပ်၏ နောက်ကွယ်မှာ သရဲခြောက်ခံရတာထက်ဆိုးသည့် အဖြစ်အပျက်တစ်ခုက စောင့်ကြိုနေမည် ဆိုတာကို ရွှေကြာ မရိပ်မိခဲ့ ...။

ရွှေကြာသည် အတွေးကိုရပ်ကာ အခန်းတံခါး တစ်ခုရှေ့မှာ ရပ်လိုက်သည် ။ ရွှေကြာ ဝင်ရမည့်အခန်းက စကြို၏ အဆုံး ထောင့်ခန်းဖြစ်သည် ။ ညာဘက်သို့ လှည့်ကြည့်လျှင် မှန်ပြတင်းကျယ်ကြီးကို မြင်ရသည် ။ မိုးတွေကတော့ ရွာဆဲပဲ။ ရွှေကြာသည် ခဏလေးရပ်ငေးမိရင်း ငယ်ငယ်တုန်းက ဒီဟိုတယ်ကြီးကို မျှော်မော့ကြည့်ဖူးသည့် ကလေးမလေးတစ်ယောက်နှင့် ကလေးမလေးကို သမင်လည်ပြန်ကြည့်ရင်း ဟိုတယ်ထဲ

သို့ ဝင်သွားသော ကောင်လေး တစ်ယောက်ကို ဖျတ်ခနဲ မြင်လိုက်သည် ။ ဖျတ်ခနဲပါပဲ …။ တစ်ခါတစ်ရံတော့ မပီပြင် ဝိုးတဝါး မှတ်ဉာဏ်တချို့က ရွှေကြာ့အာရုံတွေကို နှိုးဆွတတ်သည် ။

ရွှေကြာက အခန်း၏ ဘဲလ်ကို နှိပ်လိုက်သည် ။

အခန်းတံခါး ပွင့်လာမည့်အချိန်ကို ရပ်စောင့်ဆဲမှာ ပဲ အစ်မ၏ အပြစ်တင်သံကို ကြားယောင်လာသည် ။

"ပါကင်ဖောက်တာတောင် ဘယ်လောက်မှ မရပါဘူး၊ သူများ တကာ ၁၀ သိန်းတောင်ရတာ၊ သူ့ကိုက ခေါင်းတုံးဆံပင်ပေါက် စာကလေး အမွေးနုတ်ပုံစံနဲ့ လက်မောင်းမှာ လည်း အမာရွတ်နဲ့ ပုံဆိုးပန်းဆိုးဆိုတော့ သုံးသိန်းပဲ ရတာပေ့ါ …"

ထိုသို့ ကြားယောင်ခြင်းနှင့်အတူ အခန်းတံခါးက ချပ်ခနဲ ပွင့်လာသည် ။

ရွှေကြာက အခန်းတွင်းသို့ ဖျတ်ခနဲ လှမ်းဝင်လိုက်သည် ။ ချပ်ခနဲ တံခါးပိတ်သွားသည် ။

အခုတော့ … သုံးသိန်းတောင် မတန်တော့။ ဒေါ်လာ ၁၀၀ တောင် အနိုင်နိုင်မဟုတ်လား …။

***

ရေပူရေအေး ချိန်ညှိပြီး ရေဘဲလ်ခလုတ်ကို ဖွင့်လိုက်လျှင် ရွှေကြာ့ ခန္ဓာကိုယ်ပေါ်သို့ ရေတွေ ဖွားခနဲ ကျလာသည် ။ ခုတော့ ဟိုတယ် ရေချိုး

ခန်းထဲက ပစ္စည်းတွေကို ကောင်းကောင်း သုံးစွဲတတ်ပြီ၊ အရင်တုန်းက ဆို ရေပန်းခလုတ်တောင် ဖွင့်တတ်တာ မဟုတ်။ အဲကွန်းခန်းထဲ မနေဖူး သဖြင့် တစ်ခဏချင်း ချမ်းတုန်လာကာ မကြာခဏ ဖျားလေ့ရှိခဲ့သည် ။

ရွှေကြာသည် ရေပန်းအောက်မှာ အချိန်ကြာမြင့်စွာ ရပ်တန့်ရင်း အ နည်းငယ် အေးစိမ့်လာသည် ။ အခန်းသည် ရေပန်းမှ ရေကျသံမှ အပ တိတ်ဆိတ်ငြိမ်သက်ခြင်းသာ ကြီးစိုးနေသည် ။ ဘယ်နှနာရီ ရှိပြီလဲ။ ရေ ချိုးခန်းမဝင်ခင် နာရီမကြည့်မိခဲ့သဖြင့် အချိန်မသိ။ သို့သော် ည ၁၂ နာ ရီဝန်းကျင်တော့ ရှိခဲ့ပြီ ထင်ပါသည် ။ ဘယ်နှနာရီပင်ဖြစ်စေ ဘယ်လိုရာ သီပင်ဖြစ်စေ ရွှေကြာကတော့ ရေချိုးဖို့ မပျက်ကွက်ခဲ့။ ဖြစ်နိုင်လျှင် ဒီလို တစ်ညအိပ်ပြီးတိုင်း မြွေအရေခွံလဲသလို လဲပစ်ချင်သည် ။ တစိမ်းယော ကျ်ားနှင့် ပတ်သက်သမျှသော အငွေ့အသက်တို့ ကို အိမ်သို့ ဆောင်ယူမ သွားချင်။

ရွှေကြာသည် မျက်စိကိုမှိတ်ကာ ခေါင်းကို မော့ထားလိုက်သည် ။ ရေစက်တို့ သည် မျက်နှာပေါ်သို့ အရှိန်ဖြင့် ကျလာသည် ။ ညဦးဦးဆီက ဖြတ်သန်းခဲ့ရသော ရီဆက်ရှင်မှ ဝန်ထမ်းမိန်းကလေးများ ၏ မျက်နှာ ကို ဖျတ်ခနဲ မြင်ယောင်သည် ။ မကြားတကြား လှမ်းပြောလိုက်သော အ သံကို ကြားယောင်သည် ။ နေ့စဉ်နှင့်အမျှမို့ ရိုးနေပြီဖြစ်သော်လည်း မရိုး နိုင်သော အတွေးဖြင့်တွေးရင်း ငါသာ ပညာတတ်ရင် နင်တို့ ကို ရောင်း စားမှာ သိလားဟု စိတ်ထဲက အာခံသည် ။ ကိုယ့်ကိုချိုးနှိမ် အနိုင်ကျင့်သူ ကို ကိုယ့်ဘက်က ဖြောင့်ဖြောင့်သာ ပြန်ဆက်ဆံလျှင် သူတို့ အကုသိုလ် နှင့် သူတို့ သွားလိမ့်မည် ထင်သည် ။

ရွှေကြာ့အမေကတော့ ရွှေကြာ့ကို ပြောဖူးသည် ၊ ရွှေကြာက ဉာဏ် ကောင်းသည် တဲ့ …။ ရွှေကြာနှင့် ခင်မင်သူတိုင်းကလည်း ရွှေကြာ့ကို

ဉာဏ်ကောင်းသူဟု သတ်မှတ်ကြသည် ။ သို့သော် ဉာဏ်သာကောင်းပြီး ပညာက မတတ်တော့လည်း ဘာမှ မထူးဘူး ထင်သည် ။

ရွှေကြာသည် ရေပန်းခလုတ်ကို ပိတ်လိုက်ပြီး တဘက်ဖြူ တစ်ထည် ဆွဲယူပတ်ကာ ရေချိုးခန်းမှ ထွက်လာသည် ။ ထို့နောက် အဝတ်အစားဝတ်ရင်း ခုတင်ဘက်သို့ လှမ်းကြည့်မိသည် ။ ညွှန့်သည် သည် အိပ်ပျော်နေဆဲ ...။

ရွှေကြာသည် ခုတင်ခြေရင်းက ဆိုဖာပေါ်မှာ ခြေတင်၊ ဒူးထောက်ပြီး ဒူးကိုပိုက်၍ ထိုင်လိုက်သည် ။ အနည်းငယ် နွေးထွေးသွားသလို ထင်မိသည် ။ ပြီးတော့ အပြင်ဘက်ဆီက လကို ငြိမ်သက်စွာငေးရင်း ညွှန့်သည် နိုးမည့် အချိန်ကို စောင့်ရသည် ။ ဒီလိုအချိန်မျိုးကို ရွှေကြာ စိတ်မရှည်ချင်သော်လည်း ဘာတတ်နိုင်မှာ လဲ။ သူနိုးမှ ပိုက်ဆံရမည်။ ပိုက်ဆံရမှ ပြန်လို့ ရမည်။ သူ့ခုတင်ဘေးမှာ ပိုက်ဆံအိတ်ကို မြင်သော်လည်း သူမနိုးခင် တန်ရာတန်ကြေးတောင် နှိုက်မယူဝံ့ ...။ တန်ရာတန်ကြေးမက နှိုက်ယူဝံ့ခဲ့သောသူတွေကြောင့် ရောနှောနာမည်ပျက်ကာ မယုံသင်္ကာ ဆက်ဆံခံခဲ့ရဖူးပြီ။ တစ်ခါတစ်ရံ သူတို့ ဟာသူတို့ မေ့လျော့အထားမှားပြီး ရွှေကြာ့ကို သူခိုးလည်း ခံရဖူးပြီ။

လက အနောက်ဘက်ကို စောင်းခဲ့ပြီ။ ၁၂ နာရီကျော်ကာ တစ်နာရီထိုးလုပြီ။ အခန်းထဲတွင် ဟောက်သံသဲ့သဲ့သာ လွင့်ပျံ့နေသည် ။ မြန်မြန်နိုးပါစေဟု ဆုတောင်းရသည် ။ မနိုးဝံ့ ...။

ရွှေကြာသည် ဒူးပေါ် ခေါင်းငဲ့စောင်း၍ မှေးမှိကာ အဝေးက လကို ငေးနေသည် ။

ခဏနေတော့ ခုတင်ဘက်မှ လှုပ်ရှားသံသဲ့သဲ့ကို ကြားရသည် ။

"ဟဲလို ... လေဒီ"

ထိုအသံက ပိုက်ဆံရတော့မည်ဟု တပ်လှန့်လိုက်သလို ထင်ရသည် ။ စောင့်နေရတာပဲ။ ဒီအချိန် မြန်မြန်ရောက်ဖို့ စောင့်ခဲ့ရတာပဲ။

ရွှေကြာက ညွှ့်သည် ဆီ ခပ်သွက်သွက် လျှောက်သွားလိုက်ပြီး လက်ဖြန့်လိုက်သည် ။

ညွှ့်သည် က အိပ်ချင်မူးတူးဖြင့်ပင် သူ့ပိုက်ဆံအိတ်ထဲက ဒေါ်လာ ၁၀၀ ထုတ်ပေးလိုက်သည် ။

ရွှေကြာက ထိုပိုက်ဆံကို ဆတ်ခနဲ လှမ်းယူပြီး ချာခနဲ ကျောခိုင်းကာ ထွက်လာသည် ။

စင်္ကြံလမ်းအတိုင်း လျှောက်လာသော ခြေလှမ်းတွေက အလာတုန်းကထက် ပို၍ ပေါ့ပါးသည် ။

***